စစ်ကိုင်းဖက်ဒရယ်ယူနစ်
ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ

စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်

၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၅) ရက်။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	နိဒါန်း	၃
အခန်း (၁)	အခြေခံမူများ	၄
အခန်း (၂)	အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်များ နှင့် တာဝန်များ	၆
အခန်း (၃)	စစ်ကိုင်းဖက်ဒရယ်ယူနစ် ဖွဲ့စည်းတည်ဆောက်ပုံ	၁၅
အခန်း (၄)	ဥပဒေပြုရေး	၁၆
အခန်း (၅)	အုပ်ချုပ်ရေး	၂၀
အခန်း (၆)	အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များ	၂၇
အခန်း (၇)	စာရင်းစစ်ချုပ်	၂၉
အခန်း (၈)	တရားစီရင်ရေး	၃၁
အခန်း (၉)	ကာကွယ်ရေး နှင့် လုံခြုံရေး	၃၅
အခန်း (၁၀)	ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ	၃၆
အခန်း (၁၁)	တိုင်းရင်းသားရေးရာကဏ္ဍ	၃၇
အခန်း (၁၂)	လူသားချင်းစာနာမှုနှင့် ပြန်လည်ထူထောင်ရေး	၃၈
အခန်း (၁၃)	ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး	၃၉
အခန်း (၁၄)	ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များ	၄၁
အခန်း (၁၅)	အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ	၄၂
အခန်း (၁၆)	ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း	၄၃
အခန်း (၁၇)	အထွေထွေပြဋ္ဌာန်းချက်များ	၄၄
အခန်း (၁၈)	ပြည်ထောင်စုနှင့် ဖယ်ဒရယ်ယူနစ်အကြား အာဏာခွဲဝေကျင့်သုံးခြင်း	၄၆

နိဒါန်း

စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်သော ပြည်သူလူထုတစ်ရပ်လုံးသည် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလတရားနှင့် အညီ ရှင်သန်ရပ်တည်ရန် ခိုင်မာစွာ လိုလားတောင့်တကြသည်။ ထို့ကြောင့် ဒီမိုကရေစီစံနှုန်းများဖြင့် ပြည့်စုံသည့် ဖက်ဒရယ်ယူနစ်တစ်ခု တည်ဆောက်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု မြန်မာနိုင်ငံကို ထူထောင်ကြရမည်ဟု မမှိတ်မသုန် ယုံကြည်ပါသည်။

သို့ဖြစ်ရာ နွေဦးတော်လှန်ရေးကာလ အတွင်း အသက်၊ အိုးအိမ်စည်းစိမ်နှင့် အခွင့်အရေးများစွာ ဆုံးရှုံးနစ်နာခဲ့ကြရသော စစ်ကိုင်းဖက်ဒရယ်ယူနစ် အတွင်းရှိ ပြည်သူများ အတွက် တရားမျှတမှု ဖော်ဆောင်ရန်နှင့် ပြန်လည်ကုစားပေးရန် လိုအပ် ပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း ရှိကြသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ မွေးရာပါအခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာတို့ကို လေးစားတန်ဖိုးထားသော စံတန်ဖိုးများ၊ စစ်ကိုင်းဖက်ဒရယ်ယူနစ် တည်ဆောက်ရေး အတွက် အခြေခံရမည့် အခြေခံမူများနှင့် လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းအကောင် အထည်ဖော် ဆောင်ရွက်ရပါမည်။

ထို့ပြင် စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ ပြည်သူ့အကျိုးစီးပွားကို ရှေးရှု ဖော်ဆောင်နိုင်မည့် လိုအပ်လျက်ရှိသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးများ ပိုမိုပီပြင်စွာ ပေါ်ပေါက်လာစေရန်လည်း ရည်ရွယ်ပါသည်။

ဤအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ မှတစ်ဆင့် ကြားကာလ ပဋိပက္ခများအား ပြေလျော့အောင် ကြိုးပမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ယုံကြည်သည့်အလျောက် အနာဂတ်ကာလတွင် ချောမွေ့သော အသွင်ကူးပြောင်းရေးတစ်ရပ် ပေါ်ပေါက်လာစေ ရန် ရည်ရွယ်၍ ကြားကာလ အခြေခံဥပဒေကို ရေးဆွဲရခြင်း ဖြစ်ပါသည်။

အထက်ပါရည်ရွယ်ချက်များကို ဆောင်ရွက်နိုင်ရန် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ဝါဆိုလဆန်း (၁)ရက်၊ ၂၀၂၅ ခုနှစ် ဇွန်လ၊ (၂၅) ရက်နေ့တွင် စစ်ကိုင်း ဖက်ဒရယ်ယူနစ်၏ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်ကိုင်းဖက်ဒရယ်ယူနစ် လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အခြေခံမူများ

၁။ စစ်ကိုင်းတိုင်းဒေသကြီးကို ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးသည့်နေ့မှစ၍ စစ်ကိုင်းဖက်ဒရယ်ယူနစ်ဟု ခေါ်တွင်စေရမည်။

၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေသည် ကြားကာလအတွင်း စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ အမြင့်ဆုံးဥပဒေဖြစ်သည်။

၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်သည် အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စု၏ နယ်မြေအစိတ်အပိုင်းတစ်ခု ဖြစ်သည်။

၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်သည် လွတ်လပ်၍ တရားမျှတမှုကို အခြေခံသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်။

၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ ပြည်သူတို့သည် ယူနစ်အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များဖြစ်ပြီး ယင်းအချုပ်အခြာအာဏာသည် ယူနစ်တစ်ဝန်းလုံး၌ တည်သည်။

၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ်သည် အချုပ်အခြာအာဏာ၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို သီးခြားစီ ကျင့်သုံးရမည်။ မဏ္ဍိုင်တစ်ရပ်နှင့်တစ်ရပ် အကြား အချင်းချင်းအပြန်အလှန် ထိန်းကျောင်းမှုရှိရမည်။

၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ ယူနစ်အစိုးရ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရနှင့် ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အာဏာခွဲဝေကျင့်သုံးရမည်။

၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ်သည် ပြည်ထောင်စု နှင့် ယူနစ်များအကြားတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ နှင့် တရားစီရင်ရေးအာဏာတို့အား ခွဲဝေခြင်းစနစ်ကို လက်ခံကျင့်သုံးသည်။

၉။ ဒီမိုကရေစီအခွင့်အရေး၊ တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ စုပေါင်းခေါင်းဆောင်ခြင်း၊ စုံလင်ကွဲပြားမှုကို လက်ခံခြင်း၊ သဟဇာတဖြစ်ခြင်း၊ ညီညွတ်ခြင်း ၊

ခွဲခြားဆက်ဆံမှုမရှိခြင်း ၊ လူနည်းစုအခွင့်အရေးများ ကာကွယ်ခြင်း စသည်တို့ကို စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ စံတန်ဖိုးများအဖြစ် သတ်မှတ်သည်။

၁၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း လူမျိုး၊ ဘာသာအယူဝါဒ ၊ အသားရောင် ၊ ကျား မ၊ လိင်စိတ်ကွဲပြားမှု နှင့် ဆင်းရဲချမ်းသာကွာဟမှုတို့အပါအဝင် မည်သည့် မတူကွဲပြားမှုကိုမှ အခြေခံပြီး ခွဲခြားဆက်ဆံခြင်းမရှိစေရ။

၁၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ပေးရမည်။

၁၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ်သည် နိုင်ငံရေး နှင့် ဘာသာရေး ရောယှက်ခြင်းမရှိသော ဘာသာရေးကို အခြေမခံသည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်။

၁၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်သည် ပြည်ထောင်စု၏ စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည်။

၁၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ မြေ နှင့် သဘာဝသယံဇာတ အရင်းအမြစ်များ အားလုံး၏ မူရင်းပိုင်ရှင်သည် ယူနစ်အတွင်းနေထိုင်သည့် နိုင်ငံသားများဖြစ်သည်။

၁၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရသည် ပြည်သူတို့၏ ဆုံးရှုံးနစ်နာမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရမှုများကို ပြန်လည်ကုစားပေးနိုင်ရန် နှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုကို ဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်/ ဖက်ဒရယ်ယူနစ်အစိုးရများ နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

****

အခန်း (၂)

အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်များ နှင့် တာဝန်များ

အခြေခံအခွင့်အရေးများနှင့် ရပိုင်ခွင့်များ

၁၆။ စစ်ကိုင်းဖယ်ဒရယ်ယူနစ်အတွင်း နေထိုင်သူနိုင်ငံသားတိုင်းသည် -

(က) အသက်ရှင်ရပ်တည်ပိုင်ခွင့်ရှိသည်။

(ခ) လူပုဂ္ဂိုလ်တစ်ဦးအဖြစ် တရားဝင်အသိအမှတ်ပြုခံပိုင်ခွင့်ရှိပြီး လူ့ဂုဏ်သိက္ခာအား လေးစားစေမှုနှင့် ကာကွယ်ရယူပိုင်ခွင့် ရှိသည်။

(ဂ) တရားဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေးရှိသည်။

(ဃ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းရယူပိုင်ခွင့်နှင့် ဖြန့်ချိပိုင်ခွင့် ရှိသည်။

(င) လွတ်လပ်စွာတွေးခေါ်ပိုင်ခွင့်၊ ယုံကြည်ခွင့်၊ ကိုးကွယ်ခွင့်နှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို ကျင့်သုံးခွင့် ရှိသည်။

(စ) လွတ်လပ်စွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့် ရှိသည်။

(ဆ) အသင်းအဖွဲ့များကို လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့် နှင့် ယင်းအသင်းအဖွဲ့များတွင် လွတ်လပ်စွာ ပါဝင်ခွင့်ရှိသည်။

(ဇ) စီးပွားကူးသန်းရောင်းဝယ်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် ရှိသည်။

(ဈ) မိမိနှင့်သက်ဆိုင်သော မှတ်တမ်းအချက်အလက်များကို အစိုးရ၊ အုပ်ချုပ်ရေးဌာနများ၊ ကုမ္ပဏီများနှင့် အေဂျင်စီများထံမှ တောင်းဆိုပိုင်ခွင့်နှင့် ရယူပိုင်ခွင့် ရှိသည်။

(ည) အတင်းအကြပ်စေခိုင်းခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ကျွန်ပြုခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်ခံရခြင်းနှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်း မရှိစေရ။

(ငှ) အထက်ပါ အခြေခံအခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ကျင့်သုံးရာတွင် အများပြည်သူ၏ လုံခြုံရေးကို ထိခိုက်စေခြင်းကိုသော်လည်းကောင်း၊ လူမျိုး၊ ဘာသာနှင့် လူ့အဖွဲ့အစည်းများအကြား အမုန်းတရားပွားများခြင်း၊ ပဋိပက္ခဖြစ်ပေါ်စေခြင်းကို သော်လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာကို မဟုတ်မမှန်သောနည်းလမ်းဖြင့် ကျဆင်းစေခြင်းကို သော်လည်းကောင်း မဖြစ်စေရ။

လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အခွင့်အရေး

၁၇။ စစ်ကိုင်းဖယ်ဒရယ်ယူနစ်အတွင်း နေထိုင်သည့် နိုင်ငံသားတိုင်းသည် ဥပဒေအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ အရွယ်ရောက်ပြီးသူတိုင်းသည် လွတ်လပ်စွာ ထိမ်းမြား လက်ထပ်ပိုင်ခွင့် ရှိသည်။

၁၈။ လက်ထပ်ထိမ်းမြားခြင်းသည် မိမိ၏ဘာသာတရားနှင့် လူမျိုးရွေးချယ်မှု အခွင့်အရေး ကို အလိုအလျောက် ပြောင်းလဲခြင်း မဖြစ်စေရ။ မိမိ၏လွတ်လပ်သော ဆန္ဒသဘော ထားအရသာလျှင် ဖြစ်စေရမည်။

အကာအကွယ်ရယူခွင့် အခွင့်အရေး

၁၉။ စစ်ကိုင်းဖယ်ဒရယ်ယူနစ်အတွင်း နေထိုင်သူ မည်သူမဆို ဥပဒေအရ ကျိုးကြောင်း ခိုင်လုံမှုမရှိဘဲ -

(က) လူပုဂ္ဂိုလ်၊ နေအိမ် နှင့် နေအိမ်ဥပစာ ရှာဖွေခံရခြင်း၊

(ခ) ပစ္စည်းဥစ္စာများ ရှာဖွေခံရခြင်း၊

(ဂ) ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရခြင်း၊

(ဃ) ကိုယ်ရေးမှတ်တမ်း၊ သတင်းအချက်အလက်များ ချိုးဖောက်ခံရခြင်း၊

(င) အီးမေးလ်၊ ဖုန်း၊ ဖက်(စ်)နှင့် စာပေးစာယူ၊ ကြေးနန်းစာစသည့် ဆက်သွယ်ရေး ချိုးဖောက်ခံရခြင်း မရှိစေရ။

ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် အခွင့်အရေး

၂၀။ စစ်ကိုင်းဖယ်ဒရယ်ယူနစ်အတွင်း နေထိုင်သူနိုင်ငံသားတိုင်းသည် -

(က) ဥပဒေနှင့်အညီရှာဖွေရရှိထားသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအပေါ် တရားဝင် ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချခွင့် နှင့် အမွေဆက်ခံပိုင်ခွင့်ရှိသည်။

(ခ) မိမိ ပိုင်ဆိုင်သည့် အိမ်၊ ခြံ၊ မြေ နှင့် လယ်ယာများကို အများပြည်သူအကျိုးငှာ အစိုးရက ဥပဒေနှင့်အညီ သိမ်းဆည်းလျှင် သိမ်းဆည်းခံရသူအနေဖြင့် ကာလတန်ဖိုးနှင့် လျော်ညီသော နစ်နာကြေး၊ လျော်ကြေးများကို အစိုးရထံမှ ရပိုင်ခွင့်ရှိသည်။

ဖမ်းဆီးချုပ်နှောင်ခံရသူများ၏ အခွင့်အရေး

၂၁။ စစ်ကိုင်းဖယ်ဒရယ်ယူနစ်အတွင်း -

(က) မည်သူ့ကိုမဆို တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ (၂၄)နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မရှိစေရ။

(ခ) ဖမ်းဆီးချုပ်နှောင်ခံရသူတိုင်းအပေါ် လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံရမည်။

တရားစွဲဆိုခြင်းဆိုင်ရာ အခွင့်အရေး

၂၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း မည်သူမဆို ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခြင်း ခံရပါက ဥပဒေနှင့်အညီ ခုခံချေပပိုင်ခွင့် အပြည့်အဝရှိစေရမည်။

တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်

၂၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း မည်သူမဆို လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းသေးသိမ် စေသော ပြစ်ဒဏ်များ ကျခံစေခြင်းမရှိစေရ။

စစ်ကိုင်းဖယ်ဒရယ်ယူနစ်အစိုးရ၏ အကာအကွယ်ရယူခြင်း

၂၄။ စစ်ကိုင်းဖယ်ဒရယ်ယူနစ်အတွင်း နေထိုင်သူနိုင်ငံသားတိုင်းသည် စစ်ကိုင်းဖယ်ဒရယ် ယူနစ်အစိုး၏ ကာကွယ်စောင့်ရှောက်မှုကို ဥပဒေနှင့်အညီ ရပိုင်ခွင့် ရှိသည်။

လွတ်လပ်စွာ သွားလာခွင့်

၂၅။ (က) ပြည်ထောင်စုသားတိုင်းသည် စစ်ကိုင်းဖယ်ဒရယ်ယူနစ်အတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိသည်။

(ခ) စစ်ကိုင်းဖယ်ဒရယ်ယူနစ်အတွင်းရှိ ပြည်သူများသည် ဖက်ဒရယ်ပြည်ထောင်စု က သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပနိုင်ငံများသို့ သွားလာ ခွင့်ရှိသည်။

ပညာရေး အခွင့်အရေး

၂၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း -

(က) နေထိုင်သူနိုင်ငံသားတိုင်းသည် လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့်ရှိသည်။

(ခ) အသက် (၅) နှစ် ပြည့်ပြီးသူတိုင်း မူလတန်းပညာရေးပြီးဆုံးသည် အထိ မသင်မနေရဖြစ်ပြီး မူလတန်းပညာရေးသည် အခမဲ့ဖြစ်သည်။

(ဂ) အခြေခံပညာရေးတွင် အသက်အရွယ်နှင့် ကိုက်ညီသည့် အတန်း သို့မဟုတ် မိမိ တက်လိုသည့်အတန်းကို တက်ရောက်ဖြေဆိုခွင့် ရှိသည်။

(ဃ) အသက်မွေးဝမ်းကြောင်းပညာရေးကို လူအများသင်ယူနိုင်သည့် အခွင့်အရေး ရရှိစေရမည် ဖြစ်ပြီး အဆင့်မြင့်ပညာရေးကို အရည်အချင်းအပေါ် အခြေခံ၍ အားလုံးတန်းတူရည်တူ သင်ယူခွင့် ရှိသည်။

(င) မသန်စွမ်းသူများအတွက် အထူးပညာရေးရယူပိုင်ခွင့်ရှိသည်။

(စ) အခြေခံပညာကျောင်းများ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအားလုံးတွင် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ ဝန်ထမ်းသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရှိသည်။

ကျန်းမာရေး အခွင့်အရေး

၂၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း နေထိုင်သူနိုင်ငံသားတိုင်းသည် -

(က) ကျန်းမာရေး စောင့်ရှောက်မှု အခွင့်အရေးကို တန်းတူရရှိစေရမည်။

(ခ) လူတိုင်းလက်လှမ်းမီသော အခြေခံကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုနှင့် ကုသမှုကို ရယူပိုင်ခွင့်ရှိစေရမည်။

(ဂ) ကျန်းမာရေးဆိုင်ရာ အာမခံထားရှိမှု၊ အသက်အန္တရာယ် နှင့် ထိခိုက် ဒဏ်ရာရခြင်းဆိုင်ရာ အာမခံထားရှိမှု၊ လူမှုဖူလုံရေးဆိုင်ရာ အာမခံ ထားရှိမှုတို့ကို ယူနစ်အစိုးရ၏ အစီအမံဖြင့် ရယူပိုင်ခွင့်ရှိသည်။

(ဃ) မိမိတို့၏ မိသားစု ကျန်းမာရေးစီမံကိန်းများကို လွတ်လပ်စွာ စီမံဆောင်ရွက် ခွင့်ရှိသည်။

၂၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ ဆင်းရဲနွမ်းပါးသူများအနေဖြင့် ယူနစ်အစိုးရထံသို့ သတ်မှတ်ချက်များနှင့်အညီ ကုသစရိတ် လျှောက်ထားပိုင်ခွင့် ရှိသည်။

တိုင်းရင်းသား ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု အခွင့်အရေး

၂၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း နေထိုင်သူ တိုင်းရင်းသားလူမျိုးစုတိုင်းသည် -

(က) မိမိတို့၏ ဘာသာစကား နှင့် စာပေတို့ကို လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်နှင့် သင်ယူပိုင်ခွင့်ရှိပြီး တိုးတက်ပြန့်ပွားအောင် ရေးဆွဲပြဋ္ဌာန်းခြင်း၊ သင်ကြားခြင်းနှင့် မြှင့်တင်ခြင်းတို့ကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ခ) မိမိတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အစဉ်အလာများကို ကျင့်သုံးခွင့်၊ ထိန်းသိမ်းစောင့်ရှောက်ခွင့် နှင့် သင်ကြားသင်ယူခွင့်ရှိပြီး တိုးတက်ပြန့်ပွားအောင် လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

ကလေးများ အခွင့်အရေး

၃၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း နေထိုင်သည့် ကလေးတိုင်းသည် -

(က) မိဘ သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် စောင့်ရှောက်သူ တို့၏ ကာကွယ်မှု၊ စောင့်ရှောက်မှု၊ ပြုစုပျိုးထောင်မှုတို့ကို ခံစားပိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများ၏ ကူညီစောင့်ရှောက်မှုကို ခံစားပိုင်ခွင့် ရှိသည်။

(ဂ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်နှင့် ယူနစ်လွှတ်တော်က ပြဋ္ဌာန်းသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ခံစားပိုင်ခွင့် ရှိသည်။

လူငယ်ရေးရာ အခွင့်အရေး

၃၁။ လူငယ်များသည် နယ်ပယ်အသီးသီးတွင် ပါဝင်ဆောင်ရွက်ခွင့်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ ကိစ္စများတွင် ပါဝင်ခွင့်ရှိသည်။ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ၊ အတွေးအခေါ်ပိုင်းဆိုင်ရာနှင့် တီထွင်ကြံဆမှုဆိုင်ရာများ၌ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငယ်ရွယ်စဉ်ကတည်းက လိုအပ်သည့် ပံ့ပိုးကူညီမှုနှင့် ပြုစုပျိုးထောင်မှုကို ခံစားပိုင်ခွင့်ရှိသည်။

အမျိုးသမီး အခွင့်အရေး

၃၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ -

(က) အမျိုးသမီးများသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ နှင့် နယ်ပယ်အသီးသီးတွင် ပါဝင်လုပ်ဆောင်ခွင့်၊ ဆုံးဖြတ်

ခွင့်တို့ကို ခွဲခြားမှုမရှိစေဘဲ အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိစေရမည်။

(ခ) အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း၊ အနိုင်အထက်ပြုကျင့်ခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေခြင်း မရှိစေရ။

(ဂ) အမျိုးသမီးများသည် ထိမ်းမြားလက်ထပ်ခြင်း၊ လင်မယားကွာရှင်းပြတ်စဲခြင်း၊ ပစ္စည်းများခွဲဝေခြင်း၊ အမွေဆက်ခံခြင်း၊ သားသမီးများထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ ရပိုင်ခွင့်များကို ဥပဒေနှင့်အညီ ခံစားခွင့်ရှိသည်။

မသန်စွမ်းသူများ အခွင့်အရေး

၃၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ မသန်စွမ်းသူတိုင်းသည် -

(က) အထူးပံ့ပိုးကူညီစောင့်ရှောက်မှုများကို ခံစားပိုင်ခွင့်ရှိသည်။

(ခ) ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို ရပိုင်ခွင့်ရှိသည်။

(ဂ) နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နယ်ပယ်အသီးသီးတွင် ပါဝင်လုပ်ဆောင်ခွင့်၊ ဆုံးဖြတ်ခွင့်တို့ကို ခွဲခြားမှုမရှိစေဘဲ တန်းတူအခွင့်အရေး ရရှိစေရမည်။

သက်ကြီးရွယ်အို အခွင့်အရေး

၃၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ သက်ကြီးရွယ်အိုတိုင်းသည် ကာကွယ်စောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးဆိုင်ရာ အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။

အလုပ်လုပ်ပိုင်ခွင့် နှင့် အလုပ်သမား အခွင့်အရေး

၃၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း -

(က) အသက် (၁၈) နှစ်ပြည့်ပြီးသူတိုင်းသည် အလုပ်လုပ်ပိုင်ခွင့်နှင့် မိမိနှစ်သက်ရာ အလုပ်အကိုင်ကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိသည်။

(ခ) အလုပ်လုပ်သူတိုင်းသည် လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်နိုင်ရေးအတွက် သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင် အခြေအနေများရရှိခွင့်၊ လူမှုဖူလုံရေး ခံစားခွင့်၊ မျှတသောအလုပ်ချိန်သတ်မှတ်ချက်နှင့် ထိုက်တန်သော လုပ်ခလစာ ခံစားခွင့်၊ အားလပ်ရက်နှင့် ခွင့်ရက်ခံစားခွင့်များကို ရရှိစေရမည်။

(ဂ) အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ခွင့်၊ စည်းရုံးခွင့်၊ ပါဝင်ခွင့် နှင့် စုပေါင်းညှိနှိုင်းတောင်းဆိုခွင့်များ ရရှိစေရမည်။

တောင်သူလယ်သမား အခွင့်အရေး

၃၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ် အတွင်းရှိ တောင်သူလယ်သမားတိုင်းသည် -

(က) ဥပဒေအရတားမြစ်ထားသောသီးနှံပင်များမှအပကျန်သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ ထုတ်လုပ်ခွင့်၊ သိုလှောင်ခွင့်နှင့် သယ်ဆောင်ခွင့် ရှိရမည်။

(ခ) ဈေးကွက်တည်ငြိမ်မှုရှိစေရန်နှင့် ထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှုများမရှိစေရန် ယူနစ်အစိုးရ၏ ကာကွယ်စောင့်ရှောက်မှုကို ရယူပိုင်ခွင့်ရှိသည်။

(ဂ) ယင်းတို့၏ စိုက်ပျိုးမြေများကို မတရားသိမ်းဆည်းခံရခြင်း မရှိစေရ။

(ဃ) ယင်းတို့၏ ခေါမဦးချ အသုံးချမြေယာများ၊ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်လာသော မြေယာများကို ဥပဒေနှင့် အညီ ပိုင်ဆိုင်ခွင့်ရှိသည်။

၃၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း တောင်သူလယ်သမားသမဂ္ဂများကို လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်၊ ပါဝင်ခွင့်နှင့် စည်းရုံးခွင့်များ ရရှိစေရမည်။

၃၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ် အတွင်းရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် ကာကွယ်စောင့်ရှောက်ခွင့်များအတွက် ယူနစ်လွှတ်တော်က လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းပေးရမည်။

ဌာနေတိုင်းရင်းသား လူနည်းစုများ အခွင့်အရေး

၃၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ ဌာနေတိုင်းရင်းသား လူနည်းစုများသည် -

(က) နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး အစရှိသည့် နယ်ပယ် အသီးသီးတွင် ခွဲခြားခံရခြင်းမရှိဘဲ ပါဝင်ဆောင်ရွက်ခွင့် နှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသည်။

(ခ) ၎င်းတို့၏ ဒေသတွင်း စီမံကိန်းများဆောင်ရွက်ပါက ဒေသခံများအား ကြိုတင် အကြောင်းကြားမှု၊ ပူးပေါင်းပါဝင်မှု နှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခွင့်အရေးများ ရရှိစေရမည်။

(ဂ) မိမိတို့၏ မိရိုးဖလာအတတ်ပညာ နှင့် ဉာဏပစ္စည်းပိုင်ဆိုင်မှုများအား ပြုစု ပျိုးထောင်ခွင့်၊ ထိန်းသိမ်းပိုင်ခွင့်နှင့် ဆက်လက်သင်ကြားပိုင်ခွင့်များ ရှိသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး

၄၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း နေထိုင်သူနိုင်ငံသားတိုင်းသည် -

(က) သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် လူမှုဘဝ ရပိုင်ခွင့်ရှိသည်။

(ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့် ရှိသည်။

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် သယံဇာတ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း အပါအဝင် မည်သည့်လုပ်ငန်းကိုမဆို ကန့်ကွက်ပိုင်ခွင့်ရှိသည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခွင့်

၄၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း နေထိုင်သူနိုင်ငံသားတိုင်းသည် -

(က) လူ့အခွင့်အရေး ချိုးဖောက်ခံရပါက ယူနစ်၏ လူ့အခွင့်အရေးနှင့်သက်ဆိုင်သော ကော်မရှင်သို့ တိုင်ကြား၍ ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို ရယူပိုင်ခွင့် ရှိသည်။

(ခ) အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်နှင့်အညီ ကာကွယ်စောင့်ရှောက်မှုကို ရယူပိုင်ခွင့်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကာအကွယ် ရယူခြင်း

၄၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း နေထိုင်သူနိုင်ငံသားတိုင်းသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကာအကွယ်ရယူရန် လိုအပ်ပါက စစ်ကိုင်းဖက်ဒရယ်ယူနစ် တရားလွှတ်တော်ချုပ်ရုံးသို့ လျှောက်ထားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ အခွင့်အရေးကို မည်သည့်အခြေအနေတွင်မျှ ရပ်ဆိုင်းထားခြင်း မရှိစေရ။

တာဝန်များ

၄၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း နေထိုင်သူ နိုင်ငံသားတိုင်းသည် -

(က) စစ်ကိုင်းဖက်ဒရယ်ယူနစ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။

(ခ) စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

****

အခန်း (၃)

စစ်ကိုင်းဖက်ဒရယ်ယူနစ် ဖွဲ့စည်းတည်ဆောက်ပုံ

၄၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ နယ်နိမိတ်အကျယ်အဝန်းသည် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်အထိ တည်ရှိသည့် အကျယ်အဝန်းအတိုင်း ဖြစ်သည်။

၄၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ်ကို အောက်ပါအတိုင်းဖွဲ့စည်းသည်။

(က) ကျေးရွာများကိုစုစည်း၍ ကျေးရွာအုပ်စုအဖြစ်စုစည်းသည်။

(ခ) ရပ်ကွက်များကိုအခြေခံ၍ မြို့အဖြစ်စုစည်းသည်။

(ဂ) ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ၊ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ် စုစည်းသည်။

(ဃ) မြို့နယ်များကို ခရိုင်အဖြစ်စုစည်းသည်။

(င) ခရိုင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ဖက်ဒရယ်ယူနစ်အဖြစ် စုစည်းသည်။

၄၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ် တို့ကို နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖွဲ့စည်းထားရှိသည်။

၄၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းနေထိုင်သည့် နယ်မြေတစ်ဆက်တစ်စပ်တည်းရှိသော ဌာနေတိုင်းရင်းသားများသည် နောင်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော နယ်မြေအဖြစ် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးဆိုင်ရာ နိုင်ငံရေးသဘောတူညီချက်များနှင့်အညီ တည်ထောင်ခွင့်ရှိသည်။

****

အခန်း(၄)

ဥပဒေပြုရေး

၄၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလလွှတ်တော်ကို ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုလက်ခံ၍ အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် နွေဦးတော်လှန်ရေးတွင် ပါဝင်သော စစ်ကိုင်းဖက်ဒရယ်ယူနစ် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

၄၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ ဥပဒေပြုရေးအာဏာသည် ကြားကာလယူနစ်လွှတ်တော်၌ တည်သည်။

၅၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် ယူနစ်အတွင်းရှိ ပြည်သူလူထုကို ကိုယ်စားပြုရမည်။

၅၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် အသွင်ကူးပြောင်းရေးကာလတွင် ပေါ်ပေါက်လာမည့် လွှတ်တော် ခေါ်ယူကျင်းပနိုင်သည်အထိ တာဝန်ရှိသည်။

၅၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် လွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ကို အများဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်။

၅၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်၏ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌ သည် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက ယူနစ်လွှတ်တော်ခေါ်ယူ၍ အများဆန္ဒနှင့် အညီ ပြန်လည်ရွေးကောက် တင်မြှောက်ရမည်။

၅၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် -

(က) ပုံမှန်အစည်းအဝေးများကို (၁) နှစ်လျှင် အနည်းဆုံး (၂) ကြိမ် ကျင်းပရမည်။ အစည်းအဝေးအား (၁၅) ရက်ကြိုတင်ဖိတ်ကြားရမည်။

(ခ) လိုအပ်ပါက အရေးပေါ် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အရေးပေါ်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးများအား လွှတ်တော်ဥက္ကဋ္ဌက ဖြစ်စေ၊ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော် ကိုယ်စားလှယ်များ

အနက် (၂၀) ရာခိုင်နှုန်းက လက်မှတ်ရေးထိုး တောင်းဆိုလာလျှင် ဖြစ်စေ (၇) ရက် ကြိုတင် ဖိတ်ကြားခြင်းဖြင့် ခေါ်ယူကျင်းပနိုင်သည်။

(ဃ) လွှတ်တော်ခေါ်ယူကျင်းပသည့် အစည်းအဝေး၏ ပထမနေ့၌ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ ဆက်လက်ကျင်းပမည့် အစည်းအဝေးများတွင် တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(င) ပထမနေ့အစည်းအဝေး အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းပြီး ထပ်မံ ဖိတ်ကြားရမည်။ ဒုတိယအကြိမ်ဖိတ်ကြားရာတွင် တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(စ) လွှတ်တော်အစည်းအဝေးကို လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

(ဆ) စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်ဥက္ကဋ္ဌသည် ဖက်ဒရယ်ယူနစ်ဝန်ကြီးချုပ်မှ လွှတ်တော် ခေါ်ယူကျင်းပရန် ညှိနှိုင်းလာပါက လွှတ်တော်အစည်းအဝေးအား ခေါ်ယူ ကျင်းပပေးရမည်။

၅၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် ပြည်သူလူထုကို ဖိနှိပ်သော ဥပဒေများ၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်နှင့် လျော်ညီမှုမရှိသည့် ဥပဒေများအား ပြင်ဆင်ပယ်ဖျက်ပြီး အခြေခံလူ့အခွင့်အရေးများကို ကာကွယ်နိုင်သည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်း ရမည်။

၅၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် ပြည်ထောင်စုက ပြဋ္ဌာန်းခွင့်ရှိသည့် ဥပဒေများမှအပ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သော ဥပဒေများကို ပြဋ္ဌာန်း နိုင်သည်။

၅၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရနှင့် ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ အပါအဝင် ယူနစ်၏ ပြည်သူ့ဘဏ္ဍာငွေ ရသုံး ငွေစာရင်းဆိုင်ရာ ဥပဒေများ၊ အခွန်အကောက် ဥပဒေများကို ပြဋ္ဌာန်းရမည်။

၅၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် ယူနစ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်အမှတ်လက္ခဏာများ၊ ဓလေ့ထုံးတမ်းများ၊

စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်း ရမည်။

၅၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် -

(က) ပြဋ္ဌာန်းခွင့်ရှိသည့် ဥပဒေများကို လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးဆွဲအတည်ပြု ပြဋ္ဌာန်းရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှရေး ဆွဲတင်သွင်းလာသည့် ဥပဒေများကို လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများ နှင့် အညီ ဆောင်ရွက်ပြီး အတည်ပြု ပြဋ္ဌာန်းရမည်။

၆၀။ လွှတ်တော်သည် ပုဒ်မ (၅၉) အရ အတည်ပြုပြီးသောဥပဒေမူကြမ်းများကို ဝန်ကြီးချုပ်ထံသို့ ပေးပို့ရမည်။ ဝန်ကြီးချုပ်က ပြင်ဆင်ဖြည့်စွက်ရန်မရှိပါက လက်ခံရရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပေးရမည်။ ပြင်ဆင်ရန်ရှိပါက ပြင်ဆင် ဖြည့်စွက်ချက်များနှင့်အတူ လွှတ်တော်သို့ (၁၅)ရက်အတွင်း ပြန်လည်ပေးပို့ရမည်။ ဝန်ကြီးချုပ်၏ ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော ဥပဒေမူကြမ်းများကို လွှတ်တော်တွင် (၁၀) ရက်အတွင်း ဆွေးနွေးပြီး ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်။ ဥပဒေမူကြမ်းများကို ဝန်ကြီးချုပ်က (၁၅) ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပေးရမည်။ ယင်းဥပဒေမူကြမ်းများကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးခြင်း မရှိသော်လည်း သတ်မှတ်ရက်ပြည့်ပါက အတည်ပြု ပြဋ္ဌာန်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၆၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် ကြားကာလဥပဒေပြုရေး၊ ကြားကာလ အုပ်ချုပ်ရေးနှင့် ကြားကာလတရားစီရင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနယ်ပယ်အလိုက် လိုအပ်သည့် ကော်မတီများနှင့် ကော်မရှင်များ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၆၂။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီက ဥပဒေပြုရေး တာဝန်ယူခဲ့သော စစ်ကိုင်း ဖက်ဒရယ်ယူနစ်လွှတ်တော်ဥက္ကဋ္ဌက ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက် လာမည့် ကြားကာလလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးကို ခေါ်ယူကျင်းပ

ပေးရမည်။ မြေပြင်လွှတ်တော်ခေါ်ယူရန် အခက်အခဲများရှိပါက Virtual System ဖြင့် ကျင်းပနိုင်သည်။

၆၃။ ကြားကာလတွင် စစ်ကိုင်းဖက်ဒရယ်ယူနစ် လွှတ်တော်ကိုယ်စားပြု ကော်မတီသည် လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်သည်။

****

အခန်း (၅)
အုပ်ချုပ်ရေး

၆၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလ အစိုးရအဖွဲ့၏ အကြီးအကဲသည် ဖက်ဒရယ် ယူနစ် ဝန်ကြီးချုပ် ဖြစ်သည်။

၆၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလ အစိုးရအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) ဖက်ဒရယ်ယူနစ် ဝန်ကြီးချုပ်၊

(ခ) ဖက်ဒရယ်ယူနစ် ဒုတိယဝန်ကြီးချုပ်၊

(ဂ) ဝန်ကြီးဌာန ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ(များ)၊

(ဃ) ရှေ့နေချုပ် ၊

၆၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့ကို ၂၀၂၀ပြည့်နှစ်ပါတီစုံ အထွေထွေ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များအနက်မှ အကြမ်းဖက်အာဏာသိမ်း အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများမှ ကိုယ်စားပြု ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ စီဒီအမ် (CDM) နိုင်ငံ့ဝန်ထမ်းများ၊ သပိတ် အင်အားစုများ နှင့် ပါဝင်သင့်၊ ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၆၇။ ကြားကာလ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရအဖွဲ့ စိစစ်ရွေးချယ်ရေးကော်မရှင်ကို အကြမ်းဖက်အာဏာသိမ်းအုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ အဖွဲ့ အစည်းများ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ စီဒီအမ်နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့(ပအဖ)များမှ ပုဂ္ဂိုလ်များ၊ သပိတ်အင်အားစုများနှင့် ပါဝင်သင့်၊ ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များ အချိုးကျပါဝင်ရန် ယူနစ်လွှတ်တော်က ဖွဲ့စည်း ရမည်။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် စိစစ်ရွေးချယ်ရေးကော်မရှင်၏ လုပ်ငန်းတာဝန်များကို ရေးဆွဲသတ်မှတ် ပေးရမည်။

၆၈။ ပုဒ်မ(၆၇)ပါ ဖွဲ့စည်းထားသော စိစစ်ရွေးချယ်ရေး ကော်မရှင်သည် စစ်ကိုင်းဖက်ဒရယ် ယူနစ် ကြားကာလအစိုးရအဖွဲ့ ဝန်ကြီးချုပ်လောင်း အမည်စာရင်း များကို ပုဒ်မ(၇၀)ပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီခြင်းရှိ၊ မရှိ စိစစ်စစ်ဆေး၍ ယူနစ်

လွှတ်တော်သို့ တင်သွင်းရမည်။ ယူနစ်လွှတ်တော်မှ လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ဝန်ကြီးချုပ်တစ်ဦးကို ရွေးချယ်အတည်ပြု ရမည်။

၆၉။ ဝန်ကြီးချုပ်နှင့် စိစစ်ရွေးချယ်ရေးကော်မရှင်က ညှိနှိုင်းတင်သွင်းလာသော စစ်ကိုင်းဖက်ဒရယ်ယူနစ်ကြားကာလအစိုးရအဖွဲ့၏ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ရှေ့နေချုပ်တို့၏ အမည်စာရင်းကို ယူနစ်လွှတ်တော်၏ သဘောတူညီမှုဖြင့် အတည်ပြုရမည်။

၇၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့၏ ဝန်ကြီးချုပ် နှင့် ဒုတိယဝန်ကြီးချုပ် တို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း အခြေချနေထိုင်သူဖြစ်ပြီး တာဝန်ပေးအပ်သည့် နေ့မှစ၍ ယူနစ်အတွင်း အမှန်တကယ် ရှိသူဖြစ်ရမည်။

(ဂ) အမည်စာရင်းတင်သွင်းသောနေ့တွင် အသက် (၃၅) နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်သူ ၊ သမာသမတ်ရှိသူ၊ ပြည်သူလူထု အကျိုးကို ရှေးရှုသူ နှင့် အများယုံကြည်လေးစားခံရသူ ဖြစ်ရမည်။

(င) နွေဦးတော်လှန်ရေးတွင် မှန်ကန်တည့်မတ်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သူ ဖြစ်ရမည်။

(စ) စစ်ကိုင်းဖက်ဒရယ်ယူနစ်ကို ဦးဆောင်လမ်းညွှန်မှု ပေးနိုင်သူ ဖြစ်ရမည်။

(ဆ) လက်ရှိနိုင်ငံရေးအခြေအနေအား လေ့လာ သုံးသပ်နိုင်သူ ဖြစ်ရမည်။

(ဇ) မဟာမိတ်ဆက်ဆံရေးကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ဈ) စစ်ကိုင်းဖက်ဒရယ်ယူနစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ပြီး လေးစားလိုက်နာရမည်။

၇၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့၏ ဝန်ကြီးများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း အခြေချနေထိုင်သူဖြစ်ပြီး တာဝန်ပေးအပ်သည့် နေ့မှစ၍ ယူနစ်အတွင်း အမှန်တကယ် ရှိသူဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်သူ၊ သမာသမတ်ရှိသူ၊ ပြည်သူလူထုအကျိုးကို ရှေးရှုသူ နှင့် အများယုံကြည်လေးစားခံရသူ ဖြစ်ရမည်။

(ဃ) နွေဦးတော်လှန်ရေးတွင် မှန်ကန်တည့်မတ်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သူ ဖြစ်ရမည်။

(င) လက်ရှိနိုင်ငံရေးအခြေအနေအား လေ့လာသုံးသပ် နိုင်သူ ဖြစ်ရမည်။

(စ) မဟာမိတ်ဆက်ဆံရေးကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရအဖွဲ့၏ ရှေ့နေချုပ်သည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသူ ဖြစ်ရမည်။

(ဂ) စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း အခြေချနေထိုင်နိုင်သူ ဖြစ်ရမည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်သူ၊ သမာသမတ်ရှိသူ၊အဂတိ လိုက်စားခြင်း သတင်းကျော်စောမှု မရှိသူ၊ ပြည်သူလူထုအကျိုးကို ရှေးရှုသူနှင့် အများယုံကြည်လေးစားခံရသူ ဖြစ်ရမည်။

(င) တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိအဖြစ် (၃)နှစ်တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ် ခရိုင်အဆင့်ထက်မနိမ့်သော တရားရေး အရာရှိ သို့မဟုတ် ဥပဒေအရာရှိအဖြစ် (၇)နှစ် တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ် မြို့နယ်အဆင့်ထက် မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိ သို့မဟုတ် တရားလွှတ်တော် ရှေ့နေအဖြစ် အနည်းဆုံး (၁၀)နှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။

၇၃။ ရှေ့နေချုပ်၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ယူနစ်လွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

၇၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့၏ ဒုတိယဝန်ကြီးချုပ်သည် ဝန်ကြီးချုပ်က လုပ်ငန်းတာဝန်များကို လွှဲအပ်သောအခါတွင်ဖြစ်စေ၊ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့လျှင်ဖြစ်စေ၊ တာဝန်မှဖယ်ရှားခံရလျှင်ဖြစ်စေ၊

ကွယ်လွန်လျှင်ဖြစ်စေ၊ ဝန်ကြီးချုပ်၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ယာယီ တာဝန်ယူ ဆောင်ရွက်ရမည်။

၇၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှေ့နေချုပ်တို့အနက် တစ်ဦးဦးသည် တာဝန်ဆက်လက် ထမ်းဆောင် နိုင်ခြင်းမရှိပါက ပုဒ်မ(၆၇)၊(၆၈)၊(၆၉)၊ (၇၀)၊ (၇၁) နှင့် (၇၂) တို့တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်အတိုင်း (၁)လအတွင်း အစားထိုး ခန့်အပ်ဆောင်ရွက်ရမည်။

၇၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်သည် စစ်ကိုင်း ဖက်ဒရယ်ယူနစ်လွှတ်တော်ကို တာဝန်ခံရမည်ဖြစ်ပြီး ယူနစ်အစိုးရအဖွဲ့ဝင် အားလုံး သည် ဝန်ကြီးချုပ်ကို တာဝန်ခံရမည်။

၇၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့ ဖွဲ့စည်းတာဝန်ယူပြီးနောက် (၁၂)လ အတွင်း အစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုတင်သွင်းခွင့် မရှိစေရ။ သို့သော် အစိုးရအဖွဲ့ဝင် တစ်ဦးဦးအပေါ် ခိုင်လုံသော အကြောင်းပြချက်ဖြင့် အယုံ အကြည်မရှိ အဆိုတင်သွင်းခွင့် ရှိသည်။

၇၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့တစ်ဖွဲ့လုံးကို ဖြစ်စေ၊ အဖွဲ့ဝင် တစ်ဦးဦးကို ဖြစ်စေ အယုံအကြည်မရှိ အဆိုတင်သွင်းလိုပါက

(က) လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း အနက် အနည်းဆုံး (၂၀) ရာခိုင်နှုန်း လက်မှတ်ရေးထိုး၍ လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ခ) အဆိုတင်သွင်းခံရပြီး လွှတ်တော်တက်ရောက်သည့် ကိုယ်စားလှယ် စုစုပေါင်း၏ အနည်းဆုံး (၆၅) ရာခိုင်နှုန်း ထောက်ခံအတည်ပြုပါက တာဝန်မှ အလိုလျောက်ရပ်စဲပြီး ဖြစ်ကြောင်း လွှတ်တော်က ထုတ်ပြန်ကြေညာ ပေးရမည်။

၇၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သို့ ကြားကာလ ယူနစ်အစိုးရအဖွဲ့ တစ်ဖွဲ့လုံး ကိုဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ စွပ်စွဲပြစ်တင်ကြောင်း အဆိုတင်သွင်း လာပါက လွှတ်တော်တက်ရောက်သည့် ကိုယ်စားလှယ် စုစုပေါင်း၏ ထက်ဝက်ကျော် ထောက်ခံမဲဖြင့် အတည်ပြုပါက ယူနစ်လွှတ်တော်မှ အထူးစုံစမ်းစစ်ဆေးရေး

ကော်မရှင် ဖွဲ့စည်းပေးရမည်။ စွပ်စွဲပြစ်တင်ခံရသူသည် ယင်းကော်မရှင်၏ စစ်ဆေးခြင်းကိုခံရမည်။

၈၀။ စွပ်စွဲပြစ်တင်ကြောင်း အဆိုတင်သွင်းခံရသူသည် မိမိကိုယ်တိုင်သော်လည်းကောင်း ၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ခုခံချေပ ပိုင်ခွင့်ရှိသည်။

၈၁။ အထူးစုံစမ်းစစ်ဆေးရေးကော်မရှင်သည် တွေ့ရှိချက်များကို လွှတ်တော်သို့ တင်သွင်းရမည်။

၈၂။ အထူးစုံစမ်းစစ်ဆေးရေးကော်မရှင်၏ တွေ့ရှိချက်များကို လွှတ်တော်က ပြန်လည်ဆွေးနွေးပြီး ဆက်လက်တာဝန် ထမ်းဆောင်ရန်မသင့်ဟု ဆုံးဖြတ်ပါက တာဝန်မှ အလိုအလျောက်ရပ်စဲပြီးဖြစ်သည်ဟု လွှတ်တော်က ထုတ်ပြန် ကြေညာပေးရမည်။

၈၃။ ရှေ့နေချုပ်အတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက လွှတ်တော်သည် ဝန်ကြီးချုပ်နှင့် စိစစ်ရွေးချယ်ရေး ကော်မရှင်မှ တင်သွင်းလာသည့် ပုဂ္ဂိုလ်အား ငြင်းပယ်ခွင့် မရှိစေရ။

၈၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်များသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ လည်းကောင်း၊ စီဒီအမ် (CDM) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် စီဒီအမ် (CDM) နိုင်ငံ့ဝန်ထမ်းအဖြစ်မှ လည်းကောင်း နုတ်ထွက်ရန် မလိုဘဲ မူလတာဝန် ဝတ္တရားများကို ဆိုင်းငံ့ထား ရမည်။

၈၅။ ရှေ့နေချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်း အတွင်း ယင်းပါတီအဖွဲ့အစည်း၏ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၈၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြားကာလအစိုးရအဖွဲ့အား အောက်ပါအတိုင်း အနည်းဆုံး အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းရမည်။

(က) အုပ်ချုပ်ရေးမှူး

(ခ) ဒုတိယအုပ်ချုပ်ရေးမှူး

(ဂ) အဖွဲ့ဝင်များ

၈၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြားကာလအစိုးရအဖွဲ့ကို ၂၀၂၀ ပြည့်နှစ်ပါတီစုံ အထွေထွေ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအနက်မှ အကြမ်းဖက်

အာဏာသိမ်းအုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် စစ်ကိုင်းဖက်ဒရယ်ယူနစ် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများမှ ကိုယ်စားပြု ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ စီဒီအမ် (CDM) နိုင်ငံ့ဝန်ထမ်းများ၊ သပိတ်အင်အားစုများ နှင့် ပါဝင်သင့်၊ ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၈၈။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ရွေးကောက်ခံရပြီး စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လွှတ်တော် ကိုယ်စားလှယ်များက ပုဒ်မ (၈၆) ပါ အနည်းဆုံး အဖွဲ့ဝင် (၇) ဦးကိုရွေးချယ်ပေးရမည်။

၈၉။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြားကာလအစိုးရအဖွဲ့အုပ်ချုပ်ရေးမှူးနှင့် ဒုတိယ အုပ်ချုပ်ရေးမှူး တို့သည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အသက် (၃၅) နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအအတွင်း အခြေချနေထိုင်သူဖြစ်ပြီး တာဝန်ပေးအပ်သည့် နေ့မှစ၍ ယူနစ်အတွင်း အမှန်တကယ် ရှိသူဖြစ်ရမည်။

(ဃ) နွေဦးတော်လှန်ရေးတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည်။

(င) လက်ရှိနိုင်ငံရေးအခြေအနေအား လေ့လာသုံးသပ်နိုင်သူ ဖြစ်ရမည်။

၉၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြားကာလအစိုးရအဖွဲ့သည် အဖွဲ့ဝင်များထဲမှ မိမိတို့အချင်းချင်း ညှိနှိုင်း၍ဖြစ်စေ၊ ဆန္ဒမဲအများစုဖြင့်ဖြစ်စေ အုပ်ချုပ်ရေးမှူးနှင့် ဒုတိယအုပ်ချုပ်ရေးမှူးတို့ကို ရွေးချယ်ရမည်။

၉၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြားကာလအစိုးရအဖွဲ့သည် ရွေးချယ်ခံရသည့် အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သို့ တင်သွင်း၍ ယူနစ်လွှတ်တော်၏ အတည်ပြုချက် ရယူရမည်။

၉၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြားကာလအစိုးရအဖွဲ့သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အရ ဥပဒေပြုခွင့်ရှိသည့် ဥပဒေမူကြမ်းများရေးဆွဲခြင်း နှင့်ဒေသဖွံ့ဖြိုးရေးမူဝါဒများ ရေးဆွဲခြင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊ ဒေသတွင်း

ကာကွယ်ရေးနှင့် လုံခြုံရေး အစီအမံများ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၉၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြားကာလအစိုးရအဖွဲ့သည် စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်အား တာဝန်ခံရမည်။

၉၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြားကာလ အစိုးရအဖွဲ့၏ သက်တမ်းသည် စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီဖြစ်သည်။

၉၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရသည် ယူနစ်အတွင်း လက်ရှိတာဝန် ထမ်းဆောင်နေသည့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များကို စီမံခန့်ခွဲခြင်းများ ဆက်လက်ဆောင်ရွက်ရမည်။

၉၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရသည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်သော ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေကြမ်းများကို ရေးဆွဲပြီး ယူနစ်လွှတ်တော်သို့ တင်သွင်း၍ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပြီး ပြဋ္ဌာန်းပေးရမည်။

၉၇။ လူနည်းစုတိုင်းရင်းသားများ အခြေချနေထိုင်ရာ ဒေသရှိ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များတွင် လူနည်းစုတိုင်းရင်းသားများကို ဥပဒေပါ သတ်မှတ်ချက်များနှင့် အညီ ပါဝင်စေရမည်။

၉၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့များသည် ယူနစ်အစိုးရနှင့် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များကို တာဝန်ခံရမည်။

၉၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့၏ သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော စစ်ကိုင်းဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့ထံ တာဝန်လွှဲအပ်သည့် နေ့ရက်အ ထိ ဖြစ်သည်။

****

အခန်း (၆)

အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များ

၁၀၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည်

(က) စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်က ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသည့် ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) အမျိုးသားညီညွတ်ရေးအစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသော မူဝါဒနှင့်မဟာဗျူဟာများတွင် ဒေသအခြေအနေ အပေါ်မူတည်၍ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက်ရာတွင် ပုဒ်မ (၇၆) ပါ ပြဋ္ဌာန်းချက်ကိုလည်း အဟန့်အတားမဖြစ်စေရ။

၁၀၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် အခြေခံလူ့အခွင့်အရေးများကို အကာအကွယ်ပေးရန်ဖြစ်စေ၊ စစ်ဘေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ပြည်သူလူထု၏ ပြန်လည်ထူထောင်ရေးအတွက် ဖြစ်စေ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဖြစ်စေ၊ အခြားသောဥပဒေများဖြစ်စေ ဥပဒေ ပြဋ္ဌာန်းရန် လိုအပ်ပါက ဥပဒေမူကြမ်းများ ရေးဆွဲပြီး စစ်ကိုင်းဖက်ဒရယ်ယူနစ် လွှတ်တော်သို့ တင်သွင်းရမည်။

၁၀၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် စီဒီအမ် (CDM) နိုင်ငံ့ဝန်ထမ်း ရေးရာများ ကို သက်ဆိုင်ရာဥပဒေ၊ စီဒီအမ် (CDM) နိုင်ငံ့ဝန်ထမ်းမူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၀၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် ပညာသင်ကြားခွင့် ဆုံးရှုံးနေရသည့် ကလေးသူငယ်များနှင့် လူငယ်များ ပညာသင်ကြားခွင့် ရရှိနိုင်ရေး အစီအမံများကို ဖော်ဆောင်ပေးရမည်။

၁၀၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် အကြမ်းဖက်စစ်အုပ်စု၏ မတရားဖမ်းဆီးခြင်းခံရသော နိုင်ငံရေးအကျဉ်းသားများနှင့် မိသားစုများ၊ တော်လှန်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဆုံးရှုံးခဲ့သူများနှင့် မိသားစုများ၏ နစ်နာမှု များအတွက် အထူးအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၁၀၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် တော်လှန်ရေးကာလအတွင်း ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတွင် ဆောင်ရွက်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ခြင်းများဆောင်ရွက်ရမည်။

၁၀၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် ယူနစ်အတွင်းရှိ ဝန်ထမ်းအားလုံးအတွက် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် အကာအကွယ်ပေးရေး ဆိုင်ရာ အစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။

၁၀၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် လိုအပ်သော အုပ်ချုပ်ရေးဆိုင်ရာ ကော်မတီ၊ ကော်မရှင်များကို ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်နိုင်သည်။

၁၀၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်ကို တာဝန်ခံရမည်။

****

အခန်း (၇)

စာရင်းစစ်ချုပ်

၁၀၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရ စာရင်းစစ်ချုပ်၏ အမည်စာရင်းကို စိစစ်ရွေးချယ်ရေးကော်မရှင်က ယူနစ်လွှတ်တော်သို့ တင်သွင်းရမည်။ ယူနစ်လွှတ်တော်က ကန့်ကွက်ရန် မရှိလျှင် အတည်ပြုရမည်။

၁၁၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရ စာရင်းစစ်ချုပ်သည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသူဖြစ်ရမည်။

(ဂ) စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းအခြေချနေထိုင်နိုင်သူ ဖြစ်ရမည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်သူ ၊ သမာသမတ်ရှိသူ၊ အဂတိလိုက်စားခြင်း သတင်းကျော်စောမှု မရှိသူ၊ ပြည်သူလူထုအကျိုးကို ရှေးရှုသူနှင့် အများယုံကြည်လေးစားခံရသူ ဖြစ်ရမည်။

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်အရာရှိနှင့် အဆင့်တူရာထူးတွင် အနည်းဆုံး (၃)နှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ် ခရိုင်စာရင်းစစ်အရာရှိနှင့် အဆင့်တူရာထူးတွင် အနည်းဆုံး (၇)နှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ် မှတ်ပုံတင်စာရင်းကိုင် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် အဖြစ် အနည်းဆုံး (၁၀) နှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။

၁၁၁။ စာရင်းစစ်ချုပ်အတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက လွှတ်တော်သည် စိစစ်ရွေးချယ်ရေးကော်မရှင်မှ တင်သွင်းလာသည့် ပုဂ္ဂိုလ်အား ငြင်းပယ်ခွင့် မရှိစေရ။

၁၁၂။ စာရင်းစစ်ချုပ်သည် -

(က) ယူနစ်လွှတ်တော်ကို တာဝန်ခံရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ် ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှလည်းကောင်း၊ စီဒီအမ် (CDM) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် စီဒီအမ် (CDM)

နိုင်ငံ့ဝန်ထမ်းအဖြစ်မှ လည်းကောင်း နုတ်ထွက်ရန်မလိုဘဲ မူလတာဝန်ဝတ္တရားများကို ဆိုင်းငံ့ထား ရမည်။

၁၁၃။ စာရင်းစစ်ချုပ်သည် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ဆက်လက် ထမ်းဆောင်နိုင်ခြင်း မရှိပါက ပုဒ်မ (၁၀၉)နှင့် (၁၁၀) တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်အတိုင်း (၁) လ အတွင်း အစားထိုးခန့်အပ် ဆောင်ရွက်ရမည်။

၁၁၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ် စာရင်းစစ်ချုပ်နှင့် ဖက်ဒရယ်ယူနစ်အစိုးရကြား ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ယူနစ်လွှတ်တော်က ဥပဒေပြဋ္ဌာန်း ပေးရမည်။

၁၁၅။ စာရင်းစစ်ချုပ်သည် စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ ရသုံးငွေစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုများကို လွတ်လပ်စွာ စစ်ဆေးပိုင်ခွင့်ရှိရမည်။ စစ်ဆေးတွေ့ရှိချက်ကို လွှတ်တော်သို့ တိုက်ရိုက်အစီရင်ခံ တင်ပြရမည်။

၁၁၆။ စာရင်းစစ်ချုပ်သည် -

(က) လိုက်နာရမည့်ကျင့်ဝတ်နှင့် တာဝန်ကိုဖောက်ဖျက်ကျူးလွန်ခြင်းမရှိစေရ။

(ခ) ယူနစ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်း မရှိစေရ။

(ဂ) အဂတိလိုက်စားခြင်းမရှိစေရ။

(ဃ) လုပ်ပိုင်ခွင့်အာဏာကိုအသုံးချ၍ ကိုယ်ကျိုးအတွက် အသုံးချခြင်းမရှိစေရ။

၁၁၇။ စာရင်းစစ်ချုပ်သည် ပုဒ်မ (၁၁၆) ပါ တားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) ယူနစ်လွှတ်တော်မှ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးရမည်။

(ခ) စုံစမ်းစစ်ဆေးရေးကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်များကို လွှတ်တော်သို့ တင်ပြရမည်။

(ဂ) ပြစ်မှုထင်ရှားကြောင်းတွေ့ရှိလျှင် လွှတ်တော်က တာဝန်မှရပ်စဲကြောင်း ထုတ်ပြန်ကြေညာရမည်။ ဥပဒေအရ အရေးယူဆောင်ရွက်ရန် ဝန်ကြီးချုပ်ထံ အကြောင်းကြားရမည်။

****

အခန်း (၈)

တရားစီရင်ရေး

၁၁၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ တရားစီရင်ရေးသည် လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် ဖြစ်သည်။

၁၁၉။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနှင့် မဆန့်ကျင်သည့် ရိုးရာဓလေ့ထုံးတမ်း ဥပဒေများကို လေးစားလိုက်နာ ကျင့်သုံးနိုင်သည်။

၁၂၀။ ဥပဒေအရ ကန့်သတ်ချက်များမှအပ အများပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရမည်။

၁၂၁။ ပြစ်မှုအကြိမ်ကြိမ် ကျူးလွန်သူများ၊ ကြီးလေးသော ပြစ်မှုကျူးလွန်သူများမှအပ အပြစ်ကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရမည်။

၁၂၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားစီရင်ခွင့်ရှိသော ကိစ္စရပ်များမှအပ စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ ကြားကာလ အမြင့်ဆုံးတရားစီရင်ရေး အာဏာသည် စစ်ကိုင်းဖက်ဒရယ်ယူနစ် တရားလွှတ်တော်ချုပ်၌ တည်သည်။

၁၂၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း တရားရုံးများကို အောက်ပါအတိုင်းဖွဲ့စည်းရမည်။

(က) ဖက်ဒရယ်ယူနစ်တရားလွှတ်တော်ချုပ်၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊

(ဂ) ခရိုင်တရားရုံးများ၊

(ဃ) မြို့နယ်တရားရုံးများ၊

(င) ရိုးရာတရားစီရင်ရေးရုံးများ၊

၁၂၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ် တရားလွှတ်တော်တရားသူကြီးများသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အကြမ်းဖက်စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိသူ ဖြစ်ရမည်။

(ဂ) စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း အခြေချနေထိုင်နိုင်သူ ဖြစ်ရမည်။

(ဃ) ဥပဒေဘွဲ့ရရှိပြီး တရားရေးဆိုင်ရာလုပ်ငန်းများတွင် (၁၀) နှစ် နှင့် အထက် လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

၁၂၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်နှင့် စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရအဖွဲ့တို့ ညှိနှိုင်းတိုင်ပင်၍ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလတရားလွှတ်တော်ကို တရားသူကြီးဦးရေ အနည်းဆုံး (၅) ဦးမှ အများဆုံး (၇)ဦးဖြင့် ဖွဲ့စည်းရမည်။

၁၂၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ် တရားလွှတ်တော် တရားသူကြီးများ သည် မိမိတို့အတွင်းမှ (၁) ဦးအား စစ်ကိုင်းဖက်ဒရယ်ယူနစ် တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ရွေးချယ်ပြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ၏ အမည်စာရင်းအား စစ်ကိုင်းဖက်ဒရယ် ယူနစ်လွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက် ရယူရမည်။

၁၂၇။ တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများသည် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက ပုဒ်မ (၁၂၄)၊ (၁၂၅)နှင့် (၁၂၆)တို့တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်အတိုင်း (၁)လ အတွင်း အစားထိုးခန့်အပ် ဆောင်ရွက်ရမည်။

၁၂၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ် တရားလွှတ်တော်ချုပ်သည် ဤဖက်ဒရယ်ယူနစ်၏ အမြင့်ဆုံးသော တရားရုံးဖြစ်သည်။

၁၂၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ်တရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ အမှုများကို စီရင် ပိုင်ခွင့်ရှိသည်။

(က) အယူခံဝင်သည့် အမှုများ၊ ပြင်ဆင်သည့်အမှုများ၊

(ခ) တရားရုံးများ တစ်ရုံးနှင့်တစ်ရုံးလွှဲပြောင်းသော အမှုများ၊

(ဂ) စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း ဖြစ်ပွားသည့် ရာဇဝတ်မှုနှင့် တရားမမှုများ၊

၁၃၀။ ယူနစ်တရားလွှတ်တော်ချုပ်သည် ယူနစ်၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သော အငြင်းပွားမှုများအား ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါက လွတ်လပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းထူထောင်၍ ဆုံးဖြတ်ဆောင်ရွက်ရမည်။

၁၃၁။ တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများသည် ကိုယ်ကျင့်သိက္ခာ ဖောက်ပြန်ခြင်း၊ အဂတိလိုက်စားမှုကျူးလွန်ခြင်း စသည့် သတင်းကျော်စောလျှင် သော်လည်းကောင်း၊ ခိုင်မာသောသက်သေအထောက်အထား

တွေ့ရှိလျှင် သော်လည်းကောင်း ဖက်ဒရယ်ယူနစ်လွှတ်တော်နှင့် ဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့က စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီး စစ်ဆေး ဆောင်ရွက်ရမည်။

(က) တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ သည် ဥပဒေကိုချိုးဖောက်လျှင် ပြစ်မှုမှ ကင်းလွတ်ခွင့် မရှိစေရ။

(ခ) တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ သည် တင်ကူးကြံရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်းမှလွဲ၍ ယင်းတို့၏ တရား စီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များ နှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက် ခြင်း မခံထိုက်စေရ။

၁၃၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ တရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရား လွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်ရှိသော တရားစီရင်ရေးအာဏာ၊ ပြည်ထောင်စု တရားရုံးများ၏ စီရင်ပိုင်ခွင့်ရှိသော တရားစီရင်ရေး အာဏာများမှအပ ကျန်တရား စီရင်ရေးအာဏာများကို အပြည့်အဝ ကျင့်သုံးပိုင်ခွင့်ရှိပြီး ယူနစ်တရားလွှတ်တော်ချုပ် ၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။

၁၃၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ် တရားလွှတ်တော်တရားသူကြီးချုပ်သည် ဥပဒေနှင့်အညီ အဆင့်ဆင့်သော တရားရုံးများဖွဲ့စည်းခြင်း၊ တရားစီရင်ရေးမူများ ချမှတ်ခြင်း၊ လုပ်ထုံးလုပ်နည်း နှင့် အမိန့်/ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း တို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

၁၃၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၏သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလတွင် ပေါ်ပေါက်လာ မည့် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများထံ တာဝန်လွှဲအပ်သည့် နေ့ရက်အထိဖြစ်သည်။

၁၃၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ ဓလေ့ထုံးတမ်းများကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနှင့် မဆန့်ကျင်လျှင် ဥပဒေ ကဲ့သို့ လွတ်လပ်စွာကျင့်သုံးနိုင်ရန် ဆောင်ရွက်ခွင့် ရှိသည်။

၁၃၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း တရားရုံးများအားလုံး၏ တရားစီရင်မှု အမိန့်သည် သက်ဆိုင်သူအားလုံးနှင့် ဖက်ဒရယ်ယူနစ်အုပ်ချုပ်ရေး ယန္တရားအားလုံးအပေါ် စည်းနှောင်မှု ရှိသည်။

၁၃၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း စစ်ဘက်ဆိုင်ရာတရားစီရင်ရေးနှင့် အရပ်ဘက်ဆိုင်ရာ တရားစီရင်ရေးတို့သည် သီးခြားစီရှိရမည်။ အရပ်ဘက် နှင့် စစ်ဘက် ဆက်စပ် ကျူးလွန်သောပြစ်မှုများကို အရပ်ဘက်ဆိုင်ရာ တရားစီရင်ရေးတွင် စီရင်ရမည်။

၁၃၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် တရားရုံးများသည် အမျိုးသားညီညွတ်ရေးအစိုးရက ဖွဲ့စည်းထားသော ယူနစ်အတွင်းရှိ တရားစီရင်ရေးအဖွဲ့များ၏ တရားစီရင်ရေး လုပ်ငန်းများကို လွှဲပြောင်းတာဝန်ယူရမည်။

****

အခန်း (၉)

ကာကွယ်ရေး နှင့် လုံခြုံရေး

၁၃၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ ကာကွယ်ရေး နှင့် လုံခြုံရေးအတွက် အောက်ဖော်ပြပါ လက်နက်ကိုင်တပ်ဖွဲ့များကို အမျိုးသားညီညွတ်ရေးအစိုးရ နှင့် ညှိနှိုင်းတိုင်ပင်၍ ဖွဲ့စည်းနိုင်သည်။

(က) ယူနစ်ကာကွယ်ရေးတပ်ဖွဲ့၊

(ခ) ယူနစ်လုံခြုံရေးတပ်ဖွဲ့/ ယူနစ်ရဲတပ်ဖွဲ့၊

၁၄၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် ယူနစ်ကာကွယ်ရေးတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့/ ယူနစ်ရဲတပ်ဖွဲ့များ အတွက် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းရမည်။

၁၄၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် ယူနစ်ကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းရမည်။

၁၄၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရသည် ယူနစ် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဖွဲ့စည်း ဆောင်ရွက်ရမည်။

၁၄၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကာကွယ်ရေးတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့/ ရဲတပ်ဖွဲ့များသည် ယူနစ်အစိုးရ၏ ဦးဆောင်စီမံမှုအောက်တွင် ရှိရမည်။

၁၄၄။ အမျိုးသားညီညွတ်ရေးအစိုးရသည် စစ်ကိုင်းဖက်ဒရယ်ယူနစ်က ဖွဲ့စည်းထားသော ကာကွယ်ရေးတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့/ရဲတပ်ဖွဲ့များအား အသုံးပြုမှုနှင့် ပတ်သက်၍ ယူနစ်အစိုးရ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

****

အခန်း(၁၀)

ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

၁၄၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် စစ်ကိုင်းဖက်ဒရယ်ယူနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေမည့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ကို ဖော်ဆောင်ရမည်။

၁၄၆။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် ဘဏ္ဍာရေးမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

၁၄၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် ရသုံးမှန်းခြေ ငွေစာရင်းကို ပြုစု၍ (၆)လ တစ်ကြိမ် စစ်ကိုင်းဖက်ဒရယ်ယူနစ် လွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

၁၄၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် ရရှိလာသော ဘဏ္ဍာငွေများအား ကဏ္ဍအလိုက် ခွဲဝေသုံးစွဲရာတွင် တော်လှန်ရေး အတွက် အထောက်အကူ ဖြစ်စေရန်နှင့် ထိရောက်မှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

၁၄၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်၏ အခြေခံမူများနှင့်အညီ အခွန်ကောက်ခံမှုဆိုင်ရာ စီမံခွင့်၊ အသုံးစရိတ် ခွဲဝေခြင်းဆိုင်ရာ စီမံခွင့်များ ဆောင်ရွက်ရာ၌ ဒေသလိုအပ်ချက်များနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ရမည်။

၁၅၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် စီးပွားရေးစီမံကိန်းများ၊ ဘဏ္ဍာရေးကိစ္စရပ်များ စိစစ်ဆောင်ရွက်နိုင်ရန် စစ်ကိုင်းဖက်ဒရယ်ယူနစ် ဘဏ္ဍာရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်း ဘဏ္ဍာရေးကော်မရှင်သည် ဖက်ဒရယ်ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်နှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်သည်။

****

အခန်း(၁၁)

တိုင်းရင်းသားရေးရာကဏ္ဍ

၁၅၁။ ဌာနေတိုင်းရင်းသားများ၏ မွေးရာပါအခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာစံတန်ဖိုးတို့ကို အလေးထားကာကွယ်သည့် ဥပဒေများကို ယူနစ်လွှတ်တော်က ပြဋ္ဌာန်းပေးရမည်။

၁၅၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း ဌာနေတိုင်းရင်းသားတို့၏ မိရိုးဖလာယဉ်ကျေးမှု အစဉ်အလာများ၊ ဓလေ့ထုံးတမ်းဥပဒေများကို လူ့အခွင့်ရေးများနှင့်မဆန့်ကျင်လျှင် ရိုးရာတရားစီရင်ရေးရုံးများတွင် လက်ခံကျင့်သုံးနိုင်သည်။

၁၅၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရသည် စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း ဖွံ့ဖြိုး တိုးတက်မှု နောက်ကျသည့် ဌာနေတိုင်းရင်းသားတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် အစီအမံများကို ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၅၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ တိုင်းရင်းသားတို့သည် မိမိတို့၏ ဘာသာစကား၊ ဓလေ့၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ အမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည်။

၁၅၅။ တိုင်းရင်းသားလူနည်းစုများသည် မိမိတို့၏ ဘာသာစကားဆိုင်ရာ ပညာရေး အဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများကို တည်ထောင်ခွင့် ရှိသည်။

၁၅၆။ တိုင်းရင်းသားလူနည်းစုများသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ များတွင် လွတ်လပ်စွာမဲပေးခွင့်နှင့် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် ရှိသည်။

၁၅၇။ တိုင်းရင်းသားလူနည်းစုများသည် ယူနစ်အတွင်းရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍများ၌ တန်းတူပါဝင်ခွင့်ရှိသည်။

၁၅၈။ တိုင်းရင်းသားလူနည်းစုများ အပါအဝင် အခြားလူနည်းစုများအပေါ် အမုန်းစကားဖြင့် လှုံ့ဆော်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းမှ အကာအကွယ်ပေးရေး ဥပဒေ ပြဋ္ဌာန်း ရမည်။

၁၅၉။ တိုင်းရင်းသားလူနည်းစုများသည် စီးပွားရေး နှင့် အလုပ်အကိုင် အခွင့်အလမ်းများကို တန်းတူရရှိစေရမည်။

****

အခန်း(၁၂)

လူသားချင်းစာနာမှုနှင့် ပြန်လည်ထူထောင်ရေး

၁၆၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် ဖက်ဒရယ်ယူနစ်အတွင်း စစ်ဘေးသင့်ပြည်သူများနှင့် သဘာဝဘေးအန္တရာယ် ရင်ဆိုင်ရသော ပြည်သူများ အတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များ ကို စီမံဆောင်ရွက်ရမည်။

၁၆၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် စစ်ဘေးသင့် ပြည်သူများနှင့် သဘာဝဘေးအန္တရာယ် ရင်ဆိုင်ရသော ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအခြေခံလိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်မှုရှိသော လုပ်ငန်းလမ်းစဉ် များ ချမှတ်၍ ကူညီဆောင်ရွက်ရမည်။

၁၆၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအစိုးရသည် စစ်ဘေးသင့်နှင့် သဘာဝ ဘေးအန္တရာယ် ရင်ဆိုင်ရသော ပြည်သူများထံ အသိပညာပေး လုပ်ငန်းလမ်းညွှန် များနှင့် သတင်းအချက်အလက်များကို ပြည်သူများသိရှိစေရန် အချိန်နှင့် တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၆၃။ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီ အထောက်အပံ့များကို ကြားကာလ စစ်ကိုင်းဖက်ဒရယ်ယူနစ် အစိုးရအဖွဲ့နှင့် ချိတ်ဆက်၍ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

****

အခန်း (၁၃)

ပညာရေး၊ ကျန်းမာရေး နှင့် လူမှုဖူလုံရေး

၁၆၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်သည် ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်ကို ကျင့်သုံးသည်။

၁၆၅။ စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ ဖက်ဒရယ်ဒီမိုကရေစီပညာရေး စီမံခန့်ခွဲမှုစနစ်ကို ကျောင်း၊ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ၊ တိုင်းရင်းသား၊ မြို့နယ်၊ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ယူနစ် စသည့် ပညာရေးကောင်စီများ အဆင့်ဆင့် ဖွဲ့စည်း၍ အကောင်အထည်ဖော်ရမည်။

၁၆၆။ စစ်ကိုင်းဖယ်ဒရယ်ယူနစ်အစိုးရသည် ကျောင်းပညာရေးတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာ ဆက်လက်သင်ယူနိုင်ခြင်း မရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ၏ လိုအပ်ချက်များ ကို ဖြည့်ဆည်းပေးနိုင်ရန် ကျောင်းပြင်ပသင်ကြားသင်ယူမှုများ အကောင်အထည်ဖော်နိုင်ရေးနှင့် တရားဝင်အသိအမှတ်ပြုနိုင်ရေး တို့ကို ပြဋ္ဌာန်းဆောင်ရွက်ပေးရမည်။

၁၆၇။ စစ်ကိုင်းဖယ်ဒရယ်ယူနစ်အတွင်း ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ ပညာရေးအဖွဲ့အစည်းများသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာ အစိုးရများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို ယူနစ်အစိုးရ၏ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

၁၆၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် စစ်ကိုင်းဖယ်ဒရယ်ယူနစ်အတွင်း ပုဂလိကကျောင်းများနှင့် ပုဂ္ဂလိက တက္ကသိုလ်များ တည်ထောင်ခွင့်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းနိုင်သည်။

၁၆၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရသည် အမျိုးသားညီညွတ်ရေးအစိုးရ၏ ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒကို အခြေခံ၍ ယူနစ်ပညာရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၇၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ် အစိုးရသည် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းခွင်လုံခြုံရေး နှင့် အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

၁၇၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ် အစိုးရသည် သက်ကြီးရွယ်အိုများ၊ မိဘမဲ့ကလေးများ၊ မသန်စွမ်းသူများ နှင့် ဆင်းရဲချို့တဲ့သူများအား ကျန်းမာရေးထောက်ပံ့မှုများ ပေးနိုင်ရေးကို ဆောင်ရွက်ရမည်။

၁၇၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ် အစိုးရသည် ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးကင်းစနှင့် (၅) နှစ်အောက် ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ဖြည့်ဆည်းဆောင်ရွက်ရမည်။

၁၇၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် ယူနစ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးပေးခန်းများ၊ ဆေးရုံများ၊ တိုင်းရင်းဆေးရုံများ နှင့် ပုဂ္ဂလိကဆေးရုံများအား စီမံကွပ်ကဲရန် ဖက်ဒရယ်ယူနစ်အတွင်း အဆင့်ဆင့်သော ကျန်းမာရေးကောင်စီများ ဖွဲ့စည်းခွင့်ဥပဒေ ပြဋ္ဌာန်းရမည်။

၁၇၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်း ဆေးပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် သင်တန်းကျောင်းများကို ဖက်ဒရယ်ကျန်းမာရေးမူဝါဒများအရ တည်ထောင်ဖွင့်လှစ်နိုင်သည်။

၁၇၅။ စစ်ကိုင်းဖယ်ဒရယ်ယူနစ်အစိုးရသည် အလုပ်သမားများအား လူမှုဖူလုံရေး နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်များရရှိစေရန် မူဝါဒများချမှတ်ခြင်း၊ ဥပဒေမူကြမ်းများ ရေးဆွဲပြီး လွှတ်တော်သို့ တင်သွင်းခြင်းတို့ ဆောင်ရွက်ရမည်။

၁၇၆။ စစ်ကိုင်းဖယ်ဒရယ်ယူနစ်အစိုးရသည် ယူနစ်အတွင်း လူမှုဖူလုံရေး လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် နယ်မြေဒေသအလိုက် ဦးစားပေးအဆင့်များ သတ်မှတ်၍ ဆောင်ရွက်ရမည်။

၁၇၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရသည် ယူနစ်အတွင်းရှိ အလုပ်လုပ်နိုင်သူများကို သင့်တော်ကောင်းမွန်သည့် လုပ်ငန်းခွင်များ၌ နေရာချထားပေးရေးနှင့် စွမ်းဆောင်ရည် ထက်မြက်သော လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက် လိုအပ်သော အစီအမံများကို ဆောင်ရွက်ရမည်။

****

အခန်း (၁၄)

ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များ

၁၇၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရသည် ကြားကာလတွင် လစ်လပ်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်နေရာများနှင့် လူမျိုးစုကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်နေရာများ ထပ်မံရွေးချယ်နိုင်ရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်သည်။

၁၇၉။ ပုဒ်မ(၁၇၈)ပါ ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်အညီ ပေါ်ပေါက်လာသော စစ်ကိုင်းဖက်ဒရယ်ယူနစ် ရွေးကောက်ပွဲကော်မရှင်သည် ကြားကာလရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် လိုအပ်သော ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးများ ဖွဲ့စည်းနိုင်သည်။

၁၈၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် အသွင်ကူးပြောင်းရေးကာလတွင် ကျင့်သုံးနိုင်ရန် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ ကြိုတင်ရေးဆွဲနိုင်သည်။

****

အခန်း (၁၅)

အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

၁၈၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် အသွင်ကူးပြောင်းရေးကာလတွင် ကျင့်သုံးနိုင်ရန် တည်ဆဲဥပဒေများအား ပြင်ဆင်ခြင်း ၊ ဖြည့်စွက်ခြင်း ၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်နိုင်သည်။

၁၈၂။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် အသွင်ကူးပြောင်းရေးကာလအတွက် လိုအပ်သော ကော်မတီများ ၊ ကော်မရှင်များ ဖွဲ့စည်းနိုင်သည်။

၁၈၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့် အတည်ပြုနိုင်ရေး ကိစ္စရပ်များ ဆောင်ရွက်နိုင်သည်။

....

အခန်း (၁၆)

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

၁၈၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်၏ ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်လိုပါက

(က) စစ်ကိုင်းဖက်ဒရယ်ယူနစ်အတွင်းရှိ လူပုဂ္ဂိုလ်များအနေဖြင့် သော်လည်ကောင်း၊ အဖွဲ့အစည်းတစ်ခုခြင်း အနေဖြင့်သော်လည်ကောင်း ပြင်ဆင်လိုသည့် ဥပဒေမူကြမ်းကို ပြုစု၍ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သို့ ပေးပို့ နိုင်သည်။

(ခ) ပေးပို့လာသောဥပဒေမူကြမ်းကို စစ်ကိုင်းဖက်ဒရယ်ယူနစ် လွှတ်တော်က လွှတ်တော် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်။

(ဂ) ယူနစ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ (၁၀) ရာခိုင်နှုန်း က လွှတ်တော် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်း တစ်စောင်ပြုစု၍ လွှတ်တော်သို့ တင်သွင်းရမည်။

၁၈၅။ ပုဒ်မ (၁၈၄) ပါ ဥပဒေမူကြမ်းအား လက်ခံဆွေးနွေး၍ ယူနစ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၆၅) ရာခိုင်နှုန်း နှင့် အထက် က ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် ထောက်ခံလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၁၈၆။ ပုဒ်မ (၁၈၅) အရ ဆုံးဖြတ်ချက်များကို ယူနစ်လွှတ်တော်က အတည်ပြု ကြေညာရမည်။

၁၈၇။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်သည် ကြားကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ခြင်းဆိုင်ရာ ဥပဒေ ၊ နည်းဥပဒေ နှင့် လုပ်ထုံးလုပ်နည်းများ ကို ရေးဆွဲပြဋ္ဌာန်း ရမည်။

****

အခန်း(၁၇)

အထွေထွေပြဋ္ဌာန်းချက်များ

၁၈၈။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေသည်စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည့်နေ့မှစ၍ စစ်ကိုင်းဖက်ဒရယ်ယူနစ်တစ်ဝှမ်းလုံး၌ အာဏာတည်သည်။

၁၈၉။ စစ်ကိုင်းဖက်ဒရယ်ယူနစ်ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေသည် အသွင်ကူးပြောင်းရေးကာလ စစ်ကိုင်းဖက်ဒရယ်ယူနစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီး စတင်အာဏာ သက်ဝင်သည့်နေ့မတိုင်မီအထိ ဖြစ်သည်။

၁၉၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်နှင့် ယူနစ်အစိုးရတို့သည် အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသော စစ်ကိုင်းဖက်ဒရယ်ယူနစ်နိုင်ငံ့ဝန်ထမ်းများအတွက် လိုအပ်သောအစီအမံများကို ဥပဒေများပြဋ္ဌာန်းခြင်းနှင့်အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ဖြင့် ဖော်ဆောင်ပေးရမည်။

၁၉၁။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရအဖွဲ့သည် မြန်မာနိုင်ငံမှသဘောတူ လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၉၂။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အာဏာတည်သည့်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ ဌာနဆိုင်ရာအဖွဲ့အစည်းများ၌ အမှုထမ်းဆောင်ရွက်ဆဲ ဖြစ်ကြသောလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးကဏ္ဍအသီးသီးတွင် တာဝန်ယူနေကြသူများသည် စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရကသီးခြားညွှန်ကြားချက်များနှင့် ဥပဒေများ ပြဋ္ဌာန်းခြင်းမပြုသရွေ့ ဆက်လက် တာဝန်ထမ်းဆောင်နိုင်သည်။

၁၉၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ်အစိုးရ၏ ရုံးသုံးစာသည် မြန်မာစာဖြစ်သည်။

၁၉၄။ စစ်ကိုင်းဖက်ဒရယ်ယူနစ်တွင် ကြားကာလ၌ အသုံးပြုမည့် အလံနှင့် တံဆိပ်ကိုယူနစ်ပြည်သူများ၏ဆန္ဒနှင့် ယူနစ်၏ပုံရိပ်များ ထင်ဟပ်စေလျက် ယူနစ်လွှတ်တော်က ပြဋ္ဌာန်းဆောင်ရွက်နိုင်သည်။

၁၉၅။ တည်ဆဲဥပဒေများကို စစ်ကိုင်းဖက်ဒရယ်ယူနစ်လွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုမီ ဤစစ်ကိုင်းဖက်ဒရယ် ယူနစ်ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

....

အခန်း (၁၈)

ပြည်ထောင်စုနှင့် ဖယ်ဒရယ်ယူနစ်အကြား အာဏာခွဲဝေကျင့်သုံးခြင်း

၁၉၆။ ပြည်ထောင်စုနှင့် စစ်ကိုင်းဖယ်ဒရယ်ယူနစ်တို့၏ အာဏာခွဲဝေမှုကို နောက်ဆက်တွဲပါ ဇယားများအတိုင်း ခွဲဝေကျင့်သုံးရမည်။

၁၉၇။ အာဏာခွဲဝေမှုကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဖက်ဒရယ်ယူနစ်လွှတ်တော်၊ ဖက်ဒရယ်ယူနစ်အစိုးရတို့သည် ပြည်ထောင်စုအဆင့် လွှတ်တော်၊ ပြည်ထောင်စုအဆင့်အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၁၉၈။ ပြည်ထောင်စုအဆင့်လွှတ်တော်၊ ပြည်ထောင်စုအဆင့်အစိုးရတို့နှင့် ဖက်ဒရယ်ယူနစ် လွှတ်တော်၊ ဖက်ဒရယ်ယူနစ်အစိုးရတို့သည် အာဏာခွဲဝေမှုအား အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်ရမည်။ ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ရမည်။

ဇယား-၁

ပြည်ထောင်စုအာဏာ

၁၉၉။ ပြည်ထောင်စုသည် အောက်ပါကိစ္စရပ်များတွင် ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ပိုင်ခွင့်အာဏာ ရှိသည်။

(က) ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြည်ထောင်စုလုံခြုံရေးဆိုင်ရာ အဖွဲ့များ

(ခ) ပြည်ထောင်စုတပ်မတော်

(ဂ) ပြည်ထောင်စုလုံခြုံရေးကောင်စီ

(ဃ) ပြည်ထောင်စု ထောက်လှမ်းရေးအဖွဲ့

(င) ပြည်ထောင်စုရဲတပ်ဖွဲ့

(စ) နိုင်ငံတကာစစ်ရေးနှင့် ငြိမ်းချမ်းရေး

(ဆ) ကုလသမဂ္ဂနှင့် သံတမန်ဆိုင်ရာ ကိစ္စရပ်များ

(ဇ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ စာချုပ်စာတမ်းများ သဘောတူညီချက်များ

(ဈ) ငွေစက္ကူထုတ်လုပ်ဖြန့်ချီရေး

(ည) ပြည်ထောင်စုဘဏ်နှင့် အာမခံလုပ်ငန်းများ

(ဋ) အလေးချိန်နှင့် ခြင်တွယ်တိုင်းတာခြင်း

(ဌ) နိုင်ငံတကာစာချုပ်စာတမ်းများ

(ဍ) နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ

(ဎ) နိုင်ငံတကာကော်ပိုရေးရှင်း

(ဏ) နိုင်ငံတကာကုန်သွယ်ရေးနှင့် ပြည်ထောင်စုအတွင်း ကုန်သွယ်ရေး

(တ) နိုင်ငံတကာအဆင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူ/ သယ်ယူ ခြင်း ဆိုင်ရာကိစ္စရပ်များ

(ထ) ပြည်နယ်/ဖက်ဒရယ်ယူနစ်များအချင်းချင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်သော ဓာတ်အားပို့လွှတ်မှုများ

(ဒ) ပြည်ထောင်စုပညာရေး

(ဓ) ပြည်ထောင်စုကျန်းမာရေး

(န) နိုင်ငံတကာဆေးရုံများတည်ထောင်ခွင့် ပြုခြင်းနှင့် စီမံအုပ်ချုပ်ခြင်း

(ပ) လူသားချင်းစာနာထောက်ထားရေးကူညီပံ့ပိုးမှုအတွက် ယေဘုယျမူဝါဒများ၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး၊ တုန့်ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆိုင်ရာမူဘောင်များ/ဥပဒေများ ချမှတ်ခြင်း

(ဖ) သယံဇာတဆိုင်ရာ မူဝါဒများ ရေးဆွဲခြင်း

(ဗ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှု ဥပဒေများ ရေးဆွဲခြင်း

(ဘ) ပြည်နယ်/ဖက်ဒရယ်ယူနစ်များအကြား ဆက်စပ်နေသော သယံဇာတ ထုတ်ယူသုံးစွဲခြင်း

(မ) သဘာဝထိန်းသိမ်းနယ်မြေများ

(ယ) ပြည်နယ်/ဖက်ဒရယ်ယူနစ်များအချင်းချင်း ဆက်စပ် ဖြတ်ကျော်သက်ရောက်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များ

(ရ) မဟာဗျူဟာမြောက် သယံဇာတများ စီမံအုပ်ချုပ်မှု

(လ) ပြည်ထောင်စုအဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာ အထူးစီမံကိန်းများ

(ဝ) ပြည်နယ်/ဖက်ဒရယ်ယူနစ် တစ်ခုထက် ကျော်လွန်၍ ဆက်စပ်လုပ်ကိုင်ရမည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး စီမံကိန်းများ

(သ) တစ်နိုင်ငံလုံးနှင့်ကိုက်ညီသော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ စနစ်များ၊ မူဝါဒများ ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် စံချိန်စံနှုန်းများ သတ်မှတ်ခြင်း၊

(ဟ) စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့ခြင်းနှင့် နိုင်ငံတကာမှ တင်သွင်းခြင်း

(ဠ) ကမ်းဝေး ရေငန်ငါးဖမ်းဖုန်နှင့် လုပ်ငန်းများ

(အ) ပြည်ထောင်စုအဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာရေး လေ့ကျင့်ရေး နည်းပညာ ဖွံ့ဖြိုးခြင်းနှင့် ဖြန့်ဖြူးခြင်း

(ကက) ဓာတ်ခွဲခန်း တည်ထောင်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း

(ကခ) ပြည်တွင်းမျိုးရင်းများ ထိန်းသိမ်း ကာကွယ်ခြင်း၊ မျိုးမြှင့်တင်ခြင်း၊ မျိုးပွားခြင်း လုပ်ငန်းများ

(ကဂ) ပြည်ထောင်စုတရားရေး

(ကဃ)နယ်စပ်ဖြတ်ကျော်မှုခင်းများ

(ကင) ပြည်နယ်/ဖက်ဒရယ်ယူနစ်ဖြတ်ကျော်မှုခင်းများ

(ကစ) ပြည်ထောင်စုဥပဒေနှင့် သက်ဆိုင်သော မှုခင်းများ

(ကဆ)ပြည်ထောင်စုအကျဉ်းထောင်ဆိုင်ရာ ကိစ္စရပ်များ

(ကဇ) နိုင်ငံတကာရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ ကိစ္စ

(ကဈ) နိုင်ငံရေးခိုလှုံခွင့်ဆိုင်ရာ ကိစ္စရပ်များ

(ကည)နိုင်ငံကူးလက်မှတ်နှင့် လူဝင်မှုကြီးကြပ်ရေး

(ကဋ) ပြည်ထောင်စုနှင့် သက်ဆိုင်သော ပြည်သူ့ဝန်ထမ်းရေးရာ ကိစ္စရပ်များ

(ကဌ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ကဍ) ပြည်ထောင်စုရွေးကောက်ပွဲစနစ်

(ကဎ) ပြည်ထောင်စုလွှတ်တော်ကျင်းပခြင်း

(ကဏ)ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒနယ်မြေများ သတ်မှတ်ခြင်း

(ကတ)ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း

(ကထ)နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်း

(ကဒ) ကြိုလိတ္တု လွှင့်တင်ခြင်း၊ ငှားရမ်းခြင်း

(ကဓ) ကူးယူဖြန့်ချိခွင့်၊ နည်းပညာမူပိုင်ခွင့်၊ ဒီဇိုင်းနှင့် တံဆိပ်အမှတ်အသားဆိုင်ရာ

(ကန) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်/ဖက်ဒရယ်ယူနစ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စ

ဇယား-၂

စစ်ကိုင်းဖက်ဒရယ်ယူနစ်အာဏာ

၂၀၀။ စစ်ကိုင်းဖက်ဒရယ်ယူနစ်သည် အောက်ပါကိစ္စရပ်များတွင် ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ပိုင်ခွင့်အာဏာ ရှိသည်။

(က) ပြည်နယ်/ဖက်ဒရယ်ယူနစ် လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်းခြင်း

(ခ) ပြည်နယ်/ဖက်ဒရယ်ယူနစ် ရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်း

(ဂ) ညီအစ်မမြို့တော် တည်ဆောက်ခြင်း

(ဃ) ပြည်နယ်/ဖက်ဒရယ်ယူနစ်အခွန်နှင့် အခွန်ဘဏ္ဍာဆိုင်ရာ ကိစ္စရပ်များ

(င) ပြည်နယ်/ဖက်ဒရယ်ယူနစ် ဘဏ်လုပ်ငန်း

(စ) ပြည်နယ်/ဖက်ဒရယ်ယူနစ် များအကြား ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်ရေး နှင့် သွင်းကုန်ထုတ်ကုန်ရေးရာ

(ဆ) နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွင် ပူးပေါင်းပါဝင်ခြင်း

(ဇ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်/ဖက်ဒရယ်ယူနစ်များနှင့် ရင်းနှီးမြှုပ်နှံခြင်း ဆိုင်ရာ ကိစ္စရပ်များ

(ဈ) ပြည်နယ်/ဖက်ဒရယ်ယူနစ်တွင်း ကုန်သွယ်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

(ည) အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

(ဋ) ပြည်နယ်/ဖက်ဒရယ်ယူနစ်ပညာရေး

(ဌ) ဒေသဆိုင်ရာ တက္ကသိုလ် နှင့် သက်မွေး သိပ္ပံကျောင်းများ တည်ထောင်ရန် ခွင့်ပြုခြင်းစီမံဆောင်ရွက်ခြင်း

(ဍ) လူမျိုးများ၏ ဘာသာစကား၊ ယဉ်ကျေးမှုကျောင်းများ၊ ဒေသ ဓလေ့ထုံးစံ ကျောင်း နှင့် သင်တန်းများ

(ဎ) ပြည်နယ်/ဖက်ဒရယ်ယူနစ်ကျန်းမာရေး

(ဏ) အရေးပေါ် ရှာဖွေကယ်ဆယ်ရေး

(တ) လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ မှုခင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

(ထ) ပြည်နယ်/ဖက်ဒရယ်ယူနစ်တွင်း သယံဇာတ ထုတ်ယူသုံးစွဲမှုအပေါ် ဆုံးဖြတ် ပိုင်ခွင့်

(ဒ) မြေနှင့် သဘာဝသယံဇာတဆိုင်ရာ ကိစ္စရပ်များ

(ဓ) သယံဇာတထိန်းသိမ်းစောင့်ရှောက်မှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း

(န) ခြံမြေ၊ လယ်ယာမြေ ပိုင်ဆိုင်ခြင်း

(ပ) နေအိမ် ဥပစာ၊ မြေယာ၊ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း

(ဖ) ပြည်နယ်/ဖက်ဒရယ်ယူနစ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှု ဥပဒေများ ရေးဆွဲခြင်း

(ဗ) ပြည်နယ်/ဖက်ဒရယ်ယူနစ်အဆင့် စိုက်ပျိုးစနစ်နှင့်မွေးမြူဆိုင်ရာ စီမံကိန်းများ

(ဘ) ဒေသအလိုက်ကိုက်ညီသော စိုက်ပျိုးစနစ်နှင့်မွေးမြူစနစ် မူဝါဒများ ရေးဆွဲ ပြဋ္ဌာန်းခြင်း

(မ) ရေချိုငါးဖမ်းလုပ်ငန်း

(ယ) ကမ်းနီး ရေငန်ငါးဖမ်းလုပ်ငန်း

(ရ) လုပ်ငန်းများ လိုင်စင်ခွင့်ပြုချထားခြင်း၊ စစ်ဆေးအရေးယူခြင်း

(လ) ပြည်နယ်/ဖက်ဒရယ်ယူနစ်အတွင်းအသုံးပြုရန် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များကို တင်သွင်း ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတွင် လိုင်စင် ခွင့်ပြုချထားပေးခြင်းနှင့်စစ်ဆေး အရေးယူခြင်း

(ဝ) ပြည်နယ်/ဖက်ဒရယ်ယူနစ်အဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာရေး လေ့ကျင့်ရေး၊ နည်းပညာ ဖွံ့ဖြိုးရန်ဆောင်ရွက်ခြင်းနှင့် ဖြန့်ဖြူးခြင်း

(သ) ပြည်နယ်/ဖက်ဒရယ်ယူနစ်တရားရေး

(ဟ) ပြည်နယ်/ဖက်ဒရယ်ယူနစ်ဥပဒေနှင့် သက်ဆိုင်သော မှုခင်းများ

(ဠ) ပြည်နယ်/ဖက်ဒရယ်ယူနစ်အကျဉ်းထောင်ဆိုင်ရာ ကိစ္စရပ်များ

(အ) ပြည်နယ်/ဖက်ဒရယ်ယူနစ်အတွင်း ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာကိစ္စရပ်များ

(ကက) ပြည်နယ်/ဖက်ဒရယ်ယူနစ်သားမှတ်ပုံတင်ခြင်း

(ကခ) ပြည်နယ်/ဖက်ဒရယ်ယူနစ်နှင့်သက်ဆိုင်သော ပြည်သူ့ဝန်ထမ်းရေးရာ ကိစ္စရပ်များ

(ကဂ) ပြည်နယ်/ဖက်ဒရယ်ယူနစ် ရွေးကောက်ပွဲ ကော်မရှင်

(ကဃ) ပြည်နယ်/ဖက်ဒရယ်ယူနစ် ရွေးကောက်ပွဲစနစ်

(ကင) ပြည်နယ်/ဖက်ဒရယ်ယူနစ် လွှတ်တော်ကျင်းပခြင်း

(ကစ) ပြည်နယ်/ဖက်ဒရယ်ယူနစ် ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒနယ်မြေများ သတ်မှတ်ခြင်း

(ကဆ) ပြည်နယ်/ဖက်ဒရယ်ယူနစ် ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း

(ကဇ) ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

(ကဈ) ပြည်နယ်/ဖက်ဒရယ်ယူနစ်သားဖြစ်ခြင်းဆိုင်ရာ ကိစ္စရပ်များ

(ကည)လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ ကလေးသူငယ် စောင့်ရှောက်ခြင်း နှင့် မွေးစားခြင်း

(ကဋ) ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ

(ကဌ) ပြည်နယ်/ဖက်ဒရယ်ယူနစ် လမ်းပန်းဆက်သွယ်ရေး

(ကဍ) ပြည်နယ်/ဖက်ဒရယ်ယူနစ် အခြေခံအဆောက်အအုံများ

(ကဎ) ပြည်နယ်/ဖက်ဒရယ်ယူနစ် စက်မှုလက်မှုနှင့် နည်းပညာ

(ကဏ)ပြည်နယ်/ဖက်ဒရယ်ယူနစ်တွင်း ခရီးသွားလုပ်ငန်း

(ကတ)ပြည်နယ်/ဖက်ဒရယ်ယူနစ်တွင်း အရေးပေါ်ကာလ စီမံခန့်ခွဲခြင်း

(ကထ)ပြည်နယ်/ဖက်ဒရယ်ယူနစ် မူးယစ်ဆေးဝါးဥပဒေ

(ကဒ) ရေရှည်တည်တံ့နိုင်မြဲသော ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်း

(ကဓ) စည်ပင်နှင့် ကျေးလက်ဖွံ့ဖြိုးရေး

ပြည်ထောင်စုနှင့် စစ်ကိုင်းဖက်ဒရယ်ယူနစ်ထပ်တူပြုအာဏာ

၂၀၁။ ပြည်ထောင်စုနှင့် စစ်ကိုင်းဖက်ဒရယ်ယူနစ်တို့သည် အောက်ပါကိစ္စရပ်များတွင် ထပ်တူ ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်ခွင့်အာဏာနှင့် တရားစီရင်ပိုင်ခွင့်အာဏာ ရှိသည်။

(က) လက်နက်နှင့် ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း တင်ပို့ခြင်း

(ခ) နွေဦးတော်လှန်ရေး လက်နက်ကိုင်တပ်များ ပြောင်းလဲဖွဲ့စည်းခြင်း၊ ပေါင်းစည်းခြင်းနှင့် ဖျက်သိမ်းခြင်း

(ဂ) လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း

(ဃ) အရေးပေါ်အခြေအနေဆိုင်ရာ ကိစ္စရပ်များ

(င) နယ်စပ်လုံခြုံရေး နှင့် နယ်စပ်ဒေသရေးရာ ကော်မတီများ ဖွဲ့စည်းခြင်း

(စ) ဖက်ဒရယ်ပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်၊ ဆိပ်ကမ်းခွန်၊ သွင်းကုန်ထုတ်ကုန်အခွန် အပါအဝင် အကောက်အခွန်ဆိုင်ရာ ကိစ္စရပ်များ

(ဆ) အခွန်ဘဏ္ဍာခွဲဝေခြင်း

(ဇ) ဘဏ်နှင့် အာမခံလုပ်ငန်းများ

(ဈ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ

(ည) နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း ဆိုင်ရာများ

(ဋ) ပြည်သူ့ကြွေးမြီ

(ဌ) နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေး

(ဍ) ပို့ကုန်နှင့် ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း

(ဎ) ကုန်သည်ကြီးများ အသင်းအဖွဲ့များ၊ စက်မှုလုပ်ငန်းအသင်းအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း

(ဏ) အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသန လုပ်ငန်းများ

(တ) တက္ကသိုလ်/ သိပ္ပံကျောင်းများ တည်ထောင်ခွင့်ပြုခြင်း

(ထ) နိုင်ငံတကာတက္ကသိုလ် နှင့် နည်းပညာကျောင်းများ တည်ထောင်ခွင့်ပြုခြင်း

(ဒ) လူမှုဖူလုံရေး

(ဓ) အရေးပေါ်ကာလ စီမံခန့်ခွဲခြင်း

(န) ပြည်တွင်းနေရပ်စွန့်ခွာရသူများနှင့် ဒုက္ခသည်ရေးရာ ကိစ္စရပ်များ

(ပ) ထိခိုက်လွယ်အုပ်စုဖြစ်သော အမျိုးသမီး၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ကိစ္စရပ်များ

(ဖ) နယ်စပ်ဖြတ်ကျော်လူသားစာနာအကူအညီပေးခြင်းအပါအဝင် လူသားချင်း စာနာ ထောက်ထားမှု အကူအညီ ပေးခြင်းဆိုင်ရာ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး

(ဗ) သဘာဝ ဘေးအန္တရာယ်များ ကာကွယ် တားဆီးရေးနှင့် ထိခိုက်မှု လျှော့နည်းရေး ပူးပေါင်းဆောင် ရွက်ခြင်း

(ဘ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(မ) လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးခြင်း

(ယ) ရေနံနှင့် သဘာဝဓါတ်ငွေ့ ထုတ်လုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ

(ရ) လယ်ယာမြေ စီမံခန့်ခွဲခြင်း

(လ) မြစ်ချောင်းများ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်း

(ဝ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းနှင့် နိုင်ငံခြားကြေးမြီ၊ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ စီမံကိန်းများ

(သ) တည်ဆောက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အထူးစီမံကိန်းများ ပြုပြင်ထိန်းသိမ်းခြင်း

(ဟ) ဆည်မြောင်းများ စီမံခန့်ခွဲခြင်း

(ဠ) စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များ တည်ထောင်ခြင်း

(အ) ရောဂါနှင့်ပိုးမွှားကာကွယ်ရေး၊ ကုသရေးနှင့် ထိန်းချုပ်ရေးတွင် အကောင် အထည်ဖော် ဆောင်ရွက်ခြင်း

(ကက)ပြည်ပဈေးကွက် ရှာဖွေခြင်း၊

(ကခ) သုတေသနနှင့် အချက်အလက် စုဆောင်းခြင်း၊ နည်းပညာ ဖွံ့ဖြိုးခြင်းနှင့် ဖြန့်ဖြူးခြင်း

(ကဂ) စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေး ဖွံ့ဖြိုးတိုးတက်ရေး ချိတ်ဆက်ဆောင်ရွက်မှုများ

(ကဃ)ရေသယံဇာတများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း

(ကင) ရေချို၊ ရေငန် ငါးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများ

(ကစ) ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေဆိုင်ရာ ကိစ္စရပ်များ

(ကဆ)လူဦးရေသန်းခေါင်စာရင်းကောက်ခံခြင်း

(ကဇ) ဖွားသေစာရင်းမှတ်ပုံတင်ခြင်း

(ကဈ) ပြည်ထောင်စုအတွင်း ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာကိစ္စ

(ကည)နိုင်ငံသား/ နိုင်ငံခြားသား မှတ်ပုံတင် နှင့် ယာဉ်မောင်းလိုင်စင်

(ကဋ) နိုင်ငံရေးတာဝန်ထမ်းဆောင်သူ ပုဂ္ဂိုလ်များ၏ ငွေကြေးနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု

(ကဌ) ဝန်ထမ်းလစာ၊ ပင်စင်၊ ချီးမြှင့်ငွေနှင့် ထောက်ပံ့ငွေဆိုင်ရာ ကိစ္စရပ်များ

(ကဍ) ပြည်ထောင်စုနိုင်ငံသားဖြစ်ခြင်း

(ကဎ) ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းမီဒီယာနှင့် ပုံနှိပ်ထုတ်ဝေခြင်း အခွင့်အရေး ဆိုင်ရာ ကိစ္စရပ်များ

(ကဏ)ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ကိစ္စရပ်များ

(ကတ)ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ

(ကထ)ဌာနေလူမျိုးများနှင့် လူနည်းစုအခွင့်အရေးများ ကာကွယ်ခြင်း

(ကဒ) အလုပ်ချိန်၊ အနိမ့်ဆုံးလုပ်ခ၊ အလုပ်ပိတ်ရပ်များနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းသတ်မှတ်ချက်များ အပါအဝင် အလုပ်သမား ဆိုင်ရာ အခွင့်အရေးများ

(ကဓ) အမျိုးသမီးများအတွက် လုပ်ငန်းခွင်ဆိုင်ရာ အထူးအစီအမံများ

(ကန) တောင်သူလယ်သမားဆိုင်ရာ ကိစ္စရပ်များ

(ကပ) လူထုဆန္ဒဖော်ထုတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ

(ကဖ) အသင်းအဖွဲ့များနှင့် သမဂ္ဂများ ဖွဲ့စည်းခြင်း

(ကဗ) နိုင်ငံရေးခိုလှုံခွင့်ဆိုင်ရာ ကိစ္စရပ်များ

(ကဘ)လေ့လာထုံးတမ်း ကွဲပြားခြားနားသူများအကြား လူ့အခွင့်အရေးနှင့် မဆန့်ကျင်သော လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းခြင်းနှင့် အမွေဆက်ခံခြင်း

(ကမ) ပြည်ထောင်စု အဝေးပြေးကားလမ်းများ၊ ရထားလမ်းများ၊ ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်း သွားလာရေးနှင့် လေကြောင်းလုပ်ငန်းများ

(ကယ)အခြေခံအဆောက်အအုံများ

(ကရ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးများ

(ကလ)စာတိုက်၊ ကြေးနန်း၊ အင်တာနက်နှင့် ဗြိုလ်တုဆက်သွယ်ရေး

၂၀၂။ ပုဒ်မ (၂၀၁)တွင် ပါဝင်သော ရေးရာကိစ္စများနှင့် ပတ်သက်၍ စစ်ကိုင်းဖက်ဒရယ်ယူနစ်က ပြဋ္ဌာန်းလိုက်သောဥပဒေနှင့် ပြည်ထောင်စုက ပြဋ္ဌာန်းလိုက်သော ဥပဒေတို့ကြား ဆန့်ကျင်မှုရှိလာလျှင် ပြည်ထောင်စု၏ ဥပဒေ ပြဋ္ဌာန်းချက်များသည်သာ အတည် ဖြစ်သည်။

ဇယား-၄

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအာဏာ

၂၀၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသည် အောက်ပါကိစ္စရပ်များတွင် ဥပဒေပြုခွင့် အာဏာ၊ အုပ်ချုပ်ခွင့်အာဏာနှင့် တရားစီရင်ပိုင်ခွင့်အာဏာ ရှိသည်။

(က) မြို့ပြနှင့် ကျေးရွာစီမံကိန်းများ

(ခ) လမ်း၊တံတားများ ဖောက်လုပ်တည်ဆောက် ပြုပြင် ထိန်းသိမ်းရေး

(ဂ) ပြည်သူ့ကျန်းမာရေး

(ဃ) စည်ပင်သာယာရေးလုပ်ငန်း

(င) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး

(စ) စားကျက်မြေများထိန်းသိမ်းရေး

(ဆ) သစ်တောမြေများကာကွယ်ထိန်းသိမ်းရေး

(ဇ) ပြည်ထောင်စုနှင့် ယူနစ်မှ ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

(ဈ) မြို့နှင့်ကျေးရွာများအတွင်း ရေနှင့်လျှပ်စစ်မီးဆိုင်ရာကိစ္စ

(ည) ယင်းဒေသရှိ တိုင်းရင်းသားဘာသာစကား၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ အလေ့အထများ ထိန်းသိမ်းကျင့်သုံးခြင်း

(ဋ) ယင်းဒေသရှိ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဆိုင်ရာ သင်တန်းကျောင်းများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း

(ဌ) ရိုးရာတရားစီရင်ရေးဆိုင်ရာ ကိစ္စ။

(ဍ) အသေးစားမြေယာကိစ္စနှင့် အသေးစားသယံဇာတ ကိစ္စရပ်များ

(ဎ) ဒေသအတွင်း အခွန်အခ ကိစ္စရပ်များ

****